Insecurity Insight

# လေကြောင်းမှ ရုတ်တရက် တိုက်ခိုက်ခံရခြင်းအန္တရာယ်များ - မောင်းသူမဲ့လေယာဉ်(ဒရုန်း)ဖြင့် တိုက်ခိုက်ခံရခြင်းအတွက် ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများ

## အကူအညီပေးရေးလုပ်သားများနှင့် အကူအညီပေးရေးလုပ်ငန်းများကို ကာကွယ်ပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်


**စာတမ်းအကြမ်းချုပ်**

ဤစာအုပ်သည် အကူအညီပေးရေးလုပ်သားများနှင့် အကူအညီပေးရေးလုပ်ငန်းများကို မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရခြင်းအန္တရာယ်များမှ ကာကွယ်ပေးခြင်းဆိုင်ရာအတွက် လမ်းညွှန်မှုပြုနိုင်ရန် ရည်ရွယ်သည်။ ဤစာအုပ်ကို ဒေသန္တရအကူအညီပေးရေး အေဂျင်စီများနှင့် ၎င်းတို့၏ နိုင်ငံတကာ အထောက်အပံ့ပေးရေးအဖွဲ့ များမှ အသုံးပြုနိုင်ရန် ပြင်ဆင်ထားသည်။ မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရခြင်းအန္တရာယ်ကို ကိုင်တွယ်ဖြေရှင်းခြင်းအတွက် ဘေးဥပါဒ်ဆန်းစစ်ခြင်းကဲ့သို့သော ယေဘူယျ နည်းဗျူဟာများ၊ လုပ်ဆောင်ရန် သင့်တော်မည့် နည်းဗျူဟာများကို ချမှတ်ခြင်းဆိုင်ရာများနှင့် အဖွဲ့အစည်းအတွင်း အရေးပေါ် တုံ့ပြန်ရေးအစီအစဉ် ထည့်သွင်းလုပ်ဆောင်ခြင်းများ စသည်တို့ကို ဖော်ပြထားပါသည်။ အကူအညီပေးရေးလုပ်သားများအတွက် ၎င်းတို့ ၏ တစ်ကိုယ်ရည်လုံခြုံရေးနှင့် ခရီးသွားစဉ် လုံခြုံရေးဆိုင်ရာ လက်တွေ့လမ်းညွှန်ချက်များ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် မိမိတို့ သက်ဆိုင်ရာ နယ်မြေအခြေအနေများ/အနေအထားများအပေါ်မူတည်၍ ညှိယူလုပ်ဆောင်သင့်သည်များအတွက် ယေဘူယျလမ်းညွှန်ချက်များကို ထည့်သွင်းဖော်ပြထားပါသည်။


**မောင်းသူမဲ့လေယာဉ်နှင့် ရင်ဆိုင်ရစဉ် တစ်ကိုယ်ရည်လုံခြုံရေးဆိုင်ရာ အဓိကလုပ်ဆောင်သင့်သည့် အချက်များ**

- အကာအကွယ်ရှာပါ။ ခိုင်မာသော အဆောက်အဦးနှင့် အနိမ့်ပိုင်းများသည် ယေဘူယျအားဖြင့် လုံခြုံသည်။
- ပုန်းခိုနေစဉ် ငြိမ်သက်စွာ နေပါ။ အမြင်အာရုံခံကိရိယာများမှ သတိမပြုမိအောင်နေပါ။

- မောင်းသူမဲ့လေယာဉ်နှင့် အလွန်နီးကပ်နေပြီး အကာအကွယ်ယူစရာ မရှိပါက မောင်းသူမဲ့လေယာဉ်မှ သင့်ကို နောက်လိုက်ရာတွင် ခက်ခဲစေရန် အကာအကွယ်ယူနိုင်မည့် နေရာသို့ မြွေလိမ်မြွေကောက်ပုံစံ ကွေ့ကောက်၍ ပြေးပါ။
- သင်သည် အဖွဲ့နှင့် ဖြစ်ပါက အဖွဲ့မှ လူများသည် မတူညီသည့် လားရာများသို့ လူစုခွဲကာ မြွေလိမ်မြွေ ကောက်ပုံစံ ကွေ့ကောက်၍ ပြေးပြီး အကာအကွယ်ယူပါ။

# မာတိကာ


မိတ်ဆက်.....5

နယ်မြေအခြေအနေ/အနေအထားနှင့် လက်ခံနိုင်မှုဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်း - ဘေးအန္တရာယ်ရှိနေသော လုပ်ငန်းများနှင့် လုပ်ငန်းနေရာများ..... 7

ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများ..... 8

ဒရုန်းများကြောင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ.....9

အကူအညီပေးရေး လုပ်ငန်းဆောင်ရွက်မှုများအား ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန် နည်းဗျူဟာများ..... 11

ဝန်ထမ်းများ၊ အရေးကြီးအဆောက်အဦးများနှင့် လုပ်ငန်းများကို ကာကွယ်ရန် အစီအမံများ..... 11

မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရေးဆွဲခြင်း.....13

ဆက်သွယ်ဆောင်ရွက်ခြင်း.....14

သင်တန်းပေးခြင်း..... 16

စောစီးစွာ သတိပေးစနစ်များ..... 16

ပစ်မှတ်ထားခံရခြင်းမှ ကာကွယ်ရန် လူသားချင်းစာနာမှုဆိုင်ရာ သံတမန်နည်းနှင့် ထိပ်တိုက်မတွေ့ခြင်းများကို အသုံးပြုခြင်း.....18

ဒရုန်းတိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ ကိုင်ကွယ်ရန် လက်တွေ့လမ်းညွှန်ချက်..... 19

(က) လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - အပြင်ဖက်တွင် ရှိစဉ် ဒရုန်းဖြင့် ရင်ဆိုင်ရပါက.....21

(ခ) လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက.....23

(ဃ). လက်တွေ့လမ်းညွှန်ချက် - ခရီးသွားလာနေစဉ် ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်..... 28

## မိတ်ဆက်

ပဋိပက္ခအတွင်း မောင်းသူမဲ့လေယာဉ်များကို လက်နက်တပ်ဆင်အသုံးပြုခြင်းသည် တိုးတက်များပြားလာပြီး အကူအညီပေးရေး အေဂျင်စီများအတွက်လည်း သက်ရောက်မှုကြီးမားလာပေသည်။ လူကိုယ်တိုင်မောင်းနှင်ရ သော လေယာဉ်များနှင့် နှိုင်းယှဉ်ပါက မောင်းသူမဲ့လေယာဉ်များသည် ထုတ်လုပ်မှုစရိတ်သက်သာပြီး မောင်းနှင်သူ များအတွက် အန္တရာယ်နည်းပါးခြင်းသဖြင့် ၎င်းတို့မှာ စစ်ဆင်ရေးများတွင် လူသုံးများလာသော လက်နက်တစ်ခု ဖြစ်လာခဲ့သည်။ Insecurity Insight အဖွဲ့မှ မကြာမီခဲ့ထုတ်ပြန်ခဲ့သော **အစီရင်ခံစာ** နှင့် ဆက်စပ်သတင်းအကျဉ်းမှ မှတ်တမ်းတင်ထားခဲ့သည်မှာ (၂၀၂၃)ခုနှစ်မှစ၍ လက်နက်တပ်ဆင်ထားသော မောင်းသူမဲ့လေယာဉ်များကို အသုံးပြုမှုသည် သိသိသာသာတိုးမြင့်လာပြီး အကူအညီပေးရေးလုပ်ငန်းများနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း များအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိခဲ့သည်။

အကူအညီပေးရေးလုပ်ငန်းများကို ကာကွယ်ရန်အတွက် ဘေးဥပါဒ်လုံခြုံရေးဆိုင်ရာအစီအမံများအနေဖြင့် အကူ အညီပေးရေးလုပ်သားများ၊ ယာဉ်များအပါအဝင် အကူအညီပေးရေးလုပ်ငန်းဆိုင်ရာ အဆောက်အဦးများ၊ အကူ အညီပေးရေးလုပ်ငန်း လုပ်ဆောင်မှုများ၊ အကူအညီပေးနေသည့် ပြည်သူလူထုအပေါ် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှု၏ သက်ရောက်မှုများ (အထူးသဖြင့် အကူအညီများသို့ ပြည်သူများလက်လှမ်းမီနိုင်မှု) စသည်တို့ကို ကာကွယ်မှုပေးနိုင်ရန် ထည့်သွင်းလုပ်ဆောင်ရန် လိုအပ်သည်။

မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရခြင်း၏ သက်ရောက်မှုများမှ အကူအညီပေးရေးလုပ်ငန်းများကို ကာကွယ် ရာတွင် ဘေးအန္တရာယ်လျှော့ပါးရေးအစီအမံအားလုံးကို အကူအညီပေးရေးအေဂျင်စီတစ်ခုစီ၏ လုပ်ငန်းများနှင့် လုပ်ငန်းလုပ်ကိုင်ရာ ဒေသအခြေအနေ/အနေအထားအလိုက် သင့်တော်အောင် စီမံဆောင်ရွက်သင့်သည်။ အကူအညီပေးရေးအေဂျင်စီအနေဖြင့် လုပ်ငန်းဆောင်ရွက်နေရာ ဒေသအခြေအနေ/အနေအထားနှင့် စပ်လျဉ်း၍ ခွဲခြမ်းစိတ်ဖြာမှု (Context analysis) ကို ပြုလုပ်ရန် ထည့်သွင်းစဉ်းစားသင့်သည်။ သို့ရာတွင် နယ်မြေဒေသဆိုင်ရာ အခြေအနေများနှင့် ဆက်စပ်ဝိသေသလက္ခဏာများသည် အချိန်နှင့်အမျှ ပြောင်းလဲနေနိုင်ပြီး ဤလမ်းညွှန်တွင် ဖော်ပြထားသည့် ဘေးအန္တရာယ်လျှော့ပါးရေးအစီအမံများသည် နေရာဒေသ/အခြေအနေအားလုံးအတွက် သင့်တော်မည်မဟုတ်ပဲ  အကူအညီပေးရေးအေဂျင်စီအနေဖြင့် လုပ်ငန်းဆောင်ရွက်နေရာ ဒေသအခြေအနေ/ အ နေအထားနှင့် ကိုက်ညီအောင် ညှိယူလုပ်ဆောင်ရမည် ဖြစ်သည်။

မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရခြင်းအတွက် အကူအညီပေးရေးအေဂျင်စီများအနေဖြင့် ယေဘူယျအားဖြင့် ကြိုတင်ပြင်ဆင်ထားနိုင်သည်များကို ဤလမ်းညွှန်စာအုပ်တွင် တင်ပြထားပြီး အကူအညီပေးရေးအေဂျင်စီများ၊ အကူအညီပေးရေးလုပ်သားများအနေဖြင့် မောင်းသူမဲ့လေယာဉ်နှင့် ရင်ဆိုင်ရစဉ် (သို့) တိုက်ခိုက်ခံရစဉ် တုံ့ပြန် လုပ်ဆောင်ရမည်များနှင့် သက်ဆိုင်သည့် လမ်းညွှန်ချက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

## နယ်မြေအခြေအနေ/အနေအထားနှင့် လက်ခံနိုင်မှုဆိုင်ရာ ခွဲခြမ်းစိတ်ဖြာခြင်း **- ဘေးအန္တရာယ်ရှိနေသော လုပ်ငန်းများနှင့် လုပ်ငန်းနေရာများ**

ယခင် ဒရုန်းဖြင့်တိုက်ခိုက်ခံရသည့် ဖြစ်စဉ်များကို ပြန်လည်ဆန်းစစ်မှုများအပေါ် အခြေခံ၍ သိရှိရသည်မှာ အောက်ဖော်ပြပါ လုပ်ငန်းများနှင့် လုပ်ငန်းနေရာများမှာ ဒရုန်းဖြင့်တိုက်ခိုက်ခံရနိုင်သည့် ဘေးအန္တရာယ်ရှိနိုင် သည်။

- ရွေ့လျားနေသော ယာဉ်များ (အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသော နေရာများ သို့မဟုတ် စစ်ဆေးရေးဂိတ်များ၊ လမ်းပိတ်ထားသည့် အရံအတားများကို ဖြတ်သန်းစဉ်)
- တိုက်ပွဲဖြစ်ပွားသည်ဟု သတင်းရသော (သို့) ဆန့်ကျင်ဖက် အဖွဲ့အစည်း/တော်လှန်ရေးအဖွဲ့အစည်းများ တပ်စွဲထားသော/ ဖြတ်သန်းသွားလာနေသော နေရာ/ကျေးရွာများအနီး
- ယာယီစစ်ဘေးရှောင်ရာ ကျောင်းများ၊ ဘုန်းကြီးကျောင်းများအပါအဝင် နေရပ်စွန့်ခွာရသူများ အခြေချနေထိုင်ရာ နေရာများအနီး
- ဈေးများ (သို့) လောင်စာဆီဆိုင်များ
- ကျန်းမာရေးဌာနများ (ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမလည်ပတ်နေသော်လည်း လက်နက်ကိုင်တပ်များ ဝင်ရောက်တပ်စွဲထားသော ကျန်းမာရေးဌာနများအပါအဝင်)
- လက်နက်ကိုင်အဖွဲ့များ တပ်စွဲသိမ်းပိုက်ထားသည့် ကျောင်းများ၊ ရဲစခန်းများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ (သို့) ဘုန်းကြီးကျောင်းများစသည့် ပြည်သူ့ပိုင်အဆောက်အဦများအနီး
- ထိခိုက်ဒါဏ်ရာရသူများကို ဆေးကုသမှုပေးရာ နေရာများ (အထူးသဖြင့် ဆန့်ကျင်ဖက်အဖွဲ့အစည်း၏ တစ်စိတ်အပိုင်းအဖြစ် ရှုမြင်ပြီး ပထမတစ်ခါတိုက်ခိုက်ပြီးနောက် မကြာခင် နောက်ထပ်တစ်ခါ တိုက်ခိုက်ခြင်း/ နှစ်ကျော့ပြန်တိုက်ခိုက်ခြင်းမျိုး ပြုလုပ်တတ်သည်။)

ဒရုန်းများမှာ အကူအညီပေးရေးစီမံချက်များကို အကြောက်တရားနှင့် စိတ်ဖိစီမှုများပေး၍ ထိခိုက်စေနိုင်ပြီး အကူအညီပေးရေးအေဂျင်စီ၏ ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အောက်ပါနည်းလမ်းများဖြင့် နှောင့်ယှက်နိုင်သည်။

- စောင့်ကြည့်စစ်ဆေးခြင်း
- ခြိမ်းခြောက်ခြင်း
- အလက်ထရောနစ်နည်းများဖြင့် အန္တရာယ်ပြုနှောင့်ယှက်ခြင်း

အကူအညီပေးရေးအေဂျင်စီများအနေဖြင့် ၎င်းတို့၏ ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ဖြန့်ဝေရေးလုပ်ငန်း များကို စီမံခန့်ခွဲရာတွင် အဆိုပါအချက်များကို ထည့်သွင်းစဉ်းစားကာ လုပ်ဆောင်သင့်သည်။

ပဋိပက္ခဟူသည် တိုးတက်ပြောင်းလဲနေသည့်နည်းတူ အကူအညီပေးရေးအဖွဲ့အစည်းများအတွက် ဘေးဥပါဒ်များ မှာလည်း ပြောင်းလဲနေလေသည်။ ထို့ကြောင့် အကူအညီပေးရေးအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းလုပ်ကိုင်ခြင်း နှင့် အစီအစဉ်ရေးဆွဲရာတွင် ဖြစ်ပေါ်လာသော ပြောင်းလဲမှုများနှင့်အညီ လိုက်လျောညီထွေစွာ ပြုမူလုပ်ဆောင်နိုင် ရန် လုပ်ဆောင်သင့်သည်။ ဒရုန်းနှင့် ရင်ဆိုင်စဉ်၊ တိုက်ခိုက်ခံရစဉ် လုပ်ဆောင်ရမည့် အစီအစဉ်များလည်း ထိုလိုက် လျောညီထွေစွာ လုပ်ဆောင်သင့်သည်များတွင် ပါဝင်လေသည်။

❗ ဒရုန်းဖြင့် တိုက်ခိုက်ခံရနိုင်သည့် အန္တရာယ်မှာ နှစ်ဖက် စစ်ရေးတင်းမာနေခြင်း၊ တိုက်ပွဲပြင်းထန်နေခြင်း ကာလများတွင် တိုးမြင့်လေသည်။

❗ ဒရုန်းများမှာ အများအားဖြင့် လက်နက်ကိုင်အဖွဲ့များ ပတ်သက်သည့် ယာဉ်များကို ပစ်မှတ်ထားသဖြင့် စစ်ဆင်ရေးများရှိရာ နေရာဒေသများအတွင်း သွားလာနေသော မည်သည့်ယာဉ်မဆို စစ်တပ်ဖွဲ့ဆိုင်ရာ ယာဉ်များနှင့် မှားကာ တိုက်ခိုက်ခံရနိုင်သည့် အန္တရာယ်ရှိသည်။

❗ ဆိုရှယ်မီဒီယာမှ အပြုသဘောမဆောင်သည့် သတင်းဖြစ်စဉ်များနှင့် မှားယွင်းစွပ်စွဲမှုများကြောင့် အကူအညီပေးရေးအဖွဲ့များမှာ ပစ်မှတ်ထားခံရသည့် လက်နက်ကိုင်အဖွဲ့အား ထောက်ပံ့ပေးနေသည်ဟု ယူဆခြင်းခံရနိုင်သည်။

## ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများ

ဘေးအန္တရာယ်လျော့ပါးရေး အစီအမံဆိုသည်မှာ ဘေးဥပါဒ်/ခြိမ်းခြောက်မှု/ အန္တရာယ်ရှိသော ဖြစ်စဉ်တစ်ခု၏ ဆိုးကျိုးသက်ရောက်မှုများကို နည်းပါး (သို့) လျော့ပါးစေရန် ဖန်တီးထားသည့် လုပ်ဆောင်ချက် (သို့) နည်းဗျူဟာ တစ်ခုကို ခေါ် ခြင်းဖြစ်သည်။

လုပ်သားတစ်ဦးချင်း၊ အဆောက်အဦများ၊ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများနှင့် ထောက်ပံ့ရေးလုပ်ငန်းများ နှင့် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေးကို တိုးမြှင့်ပေးနိုင်ရန် အဆိုပါ အစီအမံများကို လုပ်ဆောင်နိုင်သည်။ ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများကို သက်ဆိုင်ရာ အေဂျင်စီနှင့် ၎င်းတို့၏ လုပ်ငန်းများတွင် ကြုံတွေ့နေရသည့် ဘေးအန္တရာယ်များအလိုက် တုံ့ပြန်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်သင့်သည်။

❗ **မှတ်သားရန်** - ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများကို ဘေးအန္တရာယ်ရှိမှု အတိုင်းအတာ၊ ထိလွယ်ရှလွယ် သော အတိုင်းအတာနှင့် ဝန်ဆောင်မှု၏ အရေးပါမှုများအပေါ် မူတည်၍ ရွေးချယ်သင့်သည်။ အကူအညီပေးရေး အဖွဲ့၏ လုပ်ငန်းလုပ်ကိုင်ရာ နယ်မြေဒေသအခြေအနေများအား ပိုမိုနားလည်လာသည့်အလျောက် အဆိုပါ အစီအမံများကို အချိန်နှင့်အမျှ ပိုမိုကောင်းမွန်လာအောင် လုပ်ဆောင်နိုင်စေရန်နှင့် စွမ်းဆောင်နိုင်မှု ရှိစေရန် လည်း လိုအပ်ပေသည်။

## ဒရုန်းများကြောင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ

ဒရုန်းများကို အသုံးပြုမှုကြောင့် စိန်ခေါ်မှုများစွာ ကြုံတွေ့ရသည်။ မတူညီသော ဘေးအန္တရာယ်များကို တစ်ခုနှင့် တစ်ခု နှိုင်းယှဉ်ချိန်ဆသင့်ပြီး စီမံခန့်ခွဲနေသူများနှင့် တစ်ဦးချင်းအနေဖြင့် အကောင်းဆုံးလုပ်ဆောင်မှုကို ပြုမူရန် ခက်ခဲသော ဆုံးဖြတ်ချက်များကို ချမှတ်ရလေ့ရှိသည်။ ဒရုန်းများနှင့် သက်ဆိုင်သည့် စိန်ခေါ်မှုများကို အောက်ပါ အတိုင်း ဆွေးနွေးတင်ပြထားပါသည်။

**ဒရုန်းဖြင့် တိုက်ခိုက်ခြင်းအတွက် အချက်ပေးမှုများ နည်းပါးသည်။**

အချို့ဒရုန်းများသည် အသံငြိမ်ပြီး အများစုမှာ အလွန်လျင်မြန်စွာ ရွေ့လျားနိုင်သဖြင့် စောစီးစွာ ကြိုတင်အချက် ပေးခြင်းစနစ်များ၏ ထိရောက်မှုမှာ အကန့်အသတ်ရှိပေသည်။

**လက်နက်တပ်ဆင်ထားသော ဒရုန်းများ၏ ဘေးအန္တရာယ်မှာ မှန်းဆရ ခက်ပေသည်။**
အချို့ဒရုန်းများမှာ အလိုအလျောက်မောင်းနှင်နိုင်ပြီး ရုပ်ပုံများကို သိရှိစေရန် ကြိုတင်ပရိုဂရမ်ရေးဆွဲထားသဖြင့် သူ့ဘာသာ ပစ်မှတ်များကို ရွေးချယ်တတ်ပေသည်။ ဒရုန်းမှ သိရှိပြီး တိုက်ခိုက်နိုင်ရန် မည်သည့်ရုပ်ပုံများကို အသုံးပြု၍ ကြိုတင်ပရိုဂရမ်ရေးဆွဲထားသည်ကို အများအားဖြင့် မသိရှိနိုင်ပါ။

- အချို့ဒရုန်းများမှာ အဝေးမှ ထိန်းချုပ်မောင်းနှင်ခြင်း ဖြစ်သဖြင့် မောင်းနှင်သူနှင့် ဆက်သွယ်နိုင်ရန် ခက်ခဲ ပေသည်။ မောင်းနှင်သူမှာ ကီလိုမီတာ ရာပေါင်း (သို့) ထောင်ပေါင်းများစွာ ဝေးသောနေရာမှ ဖြစ်နိုင်သည်။
- ဒရုန်းမောင်းနှင်သူများအား လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များနှင့် စစ်ရေးအဖွဲ့များအကြား ကွဲပြား ခြားနားကြောင်းကို လေးစားလိုက်နာရန် လမ်းညွှန်သင်ကြားထားမှုများ ရှိနိုင်သော်လည်း အမှန်တကယ် ရှိ/ မရှိမသိနိုင်ပါ။
- ဒရုန်းမောင်းနှင်သူများအား ကောင်းစွာ မသင်ကြားထားသည်လည်း ဖြစ်နိုင်သလို အရပ်သားနှင့် စစ်ရေး ပစ်မှတ်များအကြား ခွဲခြားသိမြင်ရန် ခက်ခဲမှုများလည်း ရှိနိုင်သည်။
- အမိန့်ပေးကြီးကြပ်သူများသည် အရပ်ဖက်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအား မနှစ်မြို့လျှင်၊ ၎င်းတို့ မနှစ်မြို့သည်ကို လုပ်ဆောင်နေသည်ဟု ယုံကြည်လျှင် ဒရုန်းမောင်းနှင်သူများအား အဆိုပါ အဖွဲ့အစည်းများကို ပစ်မှတ်ထားရန် ညွှန်ကြားထားသည်လည်း ဖြစ်နိုင်သည်။
- လက်နက်တပ်ဆင်ထားသော ဒရုန်းများမှာ အမျိုးမျိုးသော လက်နက်ပစ္စည်းများကို သယ်ဆောင် ထားနိုင်သည်။ ဆိုလိုသည်မှာ ပေါက်ကွဲအား အချင်းဝက် သေးသော (သို့) ကြီးသော ပေါက်ကွဲရေးပစ္စည်း များကို တင်ဆောင်ထားနိုင်သည်။
- ဒရုန်းဖြင့် တိုက်ခိုက်ရာတွင် အသုံးပြုသော အချို့ပေါက်ကွဲစေတတ်သော ပစ္စည်းများမှာ ဧရိယာကျယ် ကျယ် သက်ရောက်မှုရှိတတ်သဖြင့် ရည်ရွယ်ထားသော ပစ်မှတ်ထက် ကျော်လွန်၍ ထိခိုက်ပျက်စီးမှုများ ဖြစ်စေတတ်သည်။

**အခြေအနေကို လိုက်၍ လိုက်လျောညီထွေစွာ ညှိယူလုပ်ကိုင်တတ်ရန် အရေးကြီးသည်။**
ဒရုန်းနည်းပညာမှာ လျင်မြန်စွာ ပြောင်းလဲနေသဖြင့် ဘေးအန္တရာယ်ရှိသော ပတ်ဝန်းကျင်မှာ အမြဲပြောင်းလဲ နေပေသည်။ ထို့ကြောင့် လိုက်လျောညီထွေစွာ ညှိယူလုပ်ကိုင်နေရပြီး ဒရုန်းတိုက်ခိုက်မှုနှင့် စပ်လျဉ်းသည့် ဘေးအန္တရာယ်လျော့ပါးရေးအစီအမံများကိုလည်း အဆင့်မြှင့်တင်ရမည်။

**နားလည်မှုလွဲခြင်းများနှင့် မလိုလားအပ်သော ရည်ရွယ်ချက်များကို ရှောင်ကြဉ်ရန် လုပ်ဆောင်ရမည်။**
ဒရုန်းမောင်းနှင်သူမှာ အဝေးနေရာမှ ပစ်မှတ်ကို ရှာဖွေသတ်မှတ်ရသဖြင့် မှားယွင်းသတ်မှတ်မိသည်လည်း ရှိသည်။ ဘေးအန္တရာယ်လျော့ပါးစေရန် အောက်ပါတို့ကို လုပ်ဆောင်ရန် လိုအပ်ပေသည်။

- ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့် ပြည်သူလူထုမှာ အကူအညီပေးရေးအဖွဲ့အစည်း၏ ရည်ရွယ်ချက်များ ကို သိရှိနေစေရန် လုပ်ဆောင်ရမည်ဖြစ်ပြီး မိမိတို့၏ ဝန်ထမ်းများနှင့် အခြေခံအဆောက်အဦးများကို ပစ်မှတ်အဖြစ် မှားယွင်းသတ်မှတ်ခံရမည့် အန္တရာယ်ကို လျော့နည်းစေရန် ဖြစ်သည်။
- ဖြစ်နိုင်ပါက ပဋိပက္ခတွင် ပါဝင်ပတ်သက်နေသော အစုအဖွဲ့များနှင့် ဒေသန္တရစစ်တပ်/ နိုင်ငံရေး ခေါင်းဆောင်များကို မိမိတို့ အဖွဲ့အစည်း၏ လုပ်ငန်းလုပ်ကိုင်ရာ နေရာဒေသအတွင်း

မည်သည့်ကြောင့် ရောက်ရှိလုပ်ဆောင်နေရခြင်း ရည်ရွယ်ချက်များနှင့် လုပ်ငန်းများအကြောင်း သတင်းပို့ပါ။

- မိမိတို့အဖွဲ့အစည်း၏ လုပ်ငန်းများနှင့် လုပ်ငန်းဆောင်ရွက်မှုကိစ္စများတွင် ဒရုန်းများကို အသုံးမပြုပါနှင့်။ လက်နက်ကိုင်အဖွဲ့များအကြား ရှုပ်ထွေးခြင်း (သို့) သံသယဖြစ်ခြင်းတို့ကို ဖြစ်စေနိုင်သည်။

# အကူအညီပေးရေးလုပ်ငန်း ဆောင်ရွက်မှုများအား ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန် နည်းဗျူဟာများ

**အကူအညီပေးရေးလုပ်ငန်းများအား ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းမှ ကာကွယ်ရန် လုပ်ဆောင်စရာ အဆင့်များစွာ ရှိပေသည်။**

- အလုပ်တွင် ရှိစဉ်၊ အလုပ်ပြင်ပတွင် ရှိစဉ် ဝန်ထမ်းများနှင့် ၎င်းတို့ မိသားစုဝင်များအား ဒရုန်းဖြင့် တိုက်ခိုက် ခံရခြင်းမှ မည်သို့ကာကွယ်ရမည်ကို အကြံပြုပါ။
- မိမိတို့ အဖွဲ့အစည်း၏ အခြေခံအဆောက်အအုံများနှင့် လုပ်ငန်းများကို ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းမှ ကာ ကွယ်ရန် အစီအမံများ ထားရှိပါ။ (ဥပမာ - ရွှေ့ပြောင်းရန် ကြိုတင်စီစဉ်ထားခြင်း (သို့) မိမိတို့ အထောက် အပံ့ပေးနေသော လူထုနှင့် တိုက်ရိုက်ဆက်သွယ်ခြင်း)
- ဒရုန်းဖြင့် တိုက်ခိုက်ခံရပြီးနောက် မိမိတို့ အဖွဲ့အစည်းအနေ၏ လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင် စွမ်းကို ထိန်းထားနိုင်ရန် အစီအမံများ ထားရှိပါ။
- ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းအတွက် နည်းဗျူဟာများနှင့် ဘေးအန္တရာယ်လျှော့ပါးရေးအစီအမံများအား ဆုံးဖြတ်ရာတွင် မိမိတို့ အဖွဲ့အစည်းလုပ်ငန်းလုပ်ကိုင်ရာ နေမြေဒေသ/အခြေအနေများ၊ ရင်းမြစ်များ၊ ရရှိနိုင်သော အထောက်အပံ့များကို ထည့်သွင်းစဉ်းစားရမည်။

| |
|---|
| ❗ ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းကို ကိုင်တွယ်ရာတွင် အဆင့်များအလိုက် လုပ်ဆောင်ရမည့် အစီအစဉ်များသည် လုပ်ကိုင်ရလွယ်သော၊ ကောင်းစွာ အလုပ်ဖြစ်သော မူဝါဒများ ရှိရန် အထောက်အကူပြုပေသည်။ |

ဤစာအုပ်တွင် မိမိတို့အေဂျင်စီ၏ ဝန်ထမ်းများ၊ အခြေခံအဆောက်အဦးများနှင့် လုပ်ငန်းများကို ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းမှ ကာကွယ်မှုပေးနိုင်ရန် နည်းဗျူဟာများ ချမှတ်ရန် နည်းလမ်းများကို ဖော်ပြထားပြီး **ကုန်းလမ်းခရီးသွားခြင်း**နှင့် အဆောက်အဦး**အတွင်**း/**အပြင်** ရှိနေစဉ် တစ်ကိုယ်ရည်လုံခြုံရေးဆိုင်ရာ လမ်းညွှန်ချက် များကိုလည်း ဖော်ပြထားပါသည်။

## ဝန်ထမ်းများ၊ အရေးကြီးအဆောက်အဦးများနှင့် လုပ်ငန်းများကို ကာကွယ်ရန် အစီအမံများ

**စတင်လုပ်ဆောင်ခြင်း - မိမိတို့ ဒေဂျင်စီ လုပ်ငန်းလုပ်ကိုင်ရာ ဒေသအတွက် ဘေးအန္တရာယ်ဆိုင်ရာ ဆန်းစစ်မှု ပြုလုပ်ပါ။**

- ဒရုန်းဖြင့် ပို၍ တိုက်ခိုက်ခံရနိုင်ချေရှိသည့် နေရာများကို သတ်မှတ်ပြီး မြေပုံတွင် မှတ်တမ်းတင်ပါ၊ (ဥပမာ - စစ်ရေးတင်းမာရာ နေရာများ၊ လက်နက်ကိုင်အဖွဲ့များ မျက်စိကျစရာ လုပ်ငန်းများ လုပ်ကိုင်နေသော နေရာ/ ကျေးရွာများ၊ လက်နက်ကိုင်အဖွဲ့များ သွားလာသော လမ်းများ၊ စစ်တပ် စစ်ဆေးရေးနေရာများ၊ လက်နက်ကိုင်အဖွဲ့များ အသုံးပြုတတ်သော ပြည်သူပိုင်အဆောက်အအုံများ)
- ဖြစ်နိုင်ပါက လက်နက်ကိုင်အဖွဲ့များအား ပစ်မှတ်ထားသော ဒရုန်းဖြင့် တိုက်ခိုက်မှုများအတွင်း ပိတ်မိနေခြင်းမှ ရှောင်ရှားရန် ၎င်းအဖွဲ့များ လှုပ်ရှားသွားလာလေ့ရှိသော ပုံစံများကို ရှာဖွေသတ်မှတ်ပါ။ သတင်းအချက်အလက်များ ပိုရရှိနိုင်ရန် ဒေသန္တရ ကွန်ယက်အဖွဲ့အစည်းများ၊ UN အေဂျင်စီများကဲ့သို့ သော အခြားအဖွဲ့များနှင့် ချိတ်ဆက်ထားသင့်ပြီး အဆိုပါအဖွဲ့များအား ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များ ရှိထားရမည်။

- ဝန်ထမ်းအဖွဲ့များ တစ်နေရာမှ တစ်နေရာသို့ ခရီးသွားလာခြင်းများ အပါအဝင် မိမိတို့ လုပ်ငန်းများ၏ မြင်သာထင်သာဖြစ်နေမှုကိုလည်း ပြန်လည်ဆင်ခြင်ပါ။ စစ်ရေးကိစ္စများရှိနေသော နေရာများတွင် လုပ်ကိုင်ခြင်း (သို့) စစ်တပ်၏ မော်တော်ယာဉ်များ၊ အခြေခံအဆောက်အဦးများနှင့် ဆင်တူသော ယာဉ်များ၊ အဆောက်အဦးများကို အသုံးပြုခြင်းသည် မိမိတို့၏ ဝန်ထမ်းများ၊ ယာဉ်များနှင့် အခြေခံ အဆောက်အဦးများအပေါ် ဒရုန်းဖြင့် တိုက်ခိုက်ရာတွင် ပစ်မှတ်အဖြစ် မှားယွင်းသတ်မှတ်ကာ တိုက်ခိုက် ခံရနိုင်သည့် အန္တရာယ်ကို ပိုမိုမြင့်မားစေသည်။
- မိမိတို့ လုပ်ငန်းများနှင့် ဝန်ထမ်းများအား ဒရုန်းဖြင့် တိုက်ခိုက်ခံရနိုင်သည့် အန္တရာယ်ရှိစေမည့် အခြေအနေ များကို ရှာဖွေသတ်မှတ်ပါ။

**ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းကို ကာကွယ်ခြင်း (သို့) သက်ရောက်မှုများကို လျော့ပါးစေခြင်းအတွက် လုပ်ဆောင်ရာ တွင် ဆောင်ရွက်၍ ရနိုင်သော အစီအမံများကို ရှာဖွေသတ်မှတ်ပြီး လုပ်ဆောင်ပါ။**

- **ပုန်းခိုစရာနေရာနှင့် အကာအကွယ်ယူခြင်း** - ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ် ဝန်ထမ်းများ ပုန်းခိုနိုင်သော နေရာများ (ဥပမာ - ခိုင်ခံ့သော အဆောက်အဦးများ၊ မြေအောက်ခန်းများ)နှင့် ဝန်ထမ်းအဖွဲ့များ ခရီးသွား နေစဉ် တိုက်ခိုက်ခံရပါက စီစဉ်ထားသော ခရီးလမ်းကြောင်းတစ်လျှောက် ပုန်းခိုနိုင်မည့် နေရာများကို သတ်မှတ်ထားပါ။
- **ဝန်ထမ်းများနှင့် အထောက်အပံ့ပစ္စည်းများကို ဖြန့်ကျက်ထားပါ** - ဝန်ထမ်းများ၊ ယာဉ်များနှင့် ထောက်ပံ့ ရေးပစ္စည်းများကို တစ်နေရာထဲတွင် စုပြုံနေခြင်းကို ရှောင်ရှားပါ။ ဒရုန်းဖြင့် တိုက်ခိုက်ခံခဲ့ရပါက ထိခိုက်မှု ကို သက်သာစေရန် ဝန်ထမ်းများနှင့် ရုံးပိုင်ပစ္စည်းများကို တတ်နိုင်သမျှ နေရာခွဲကာ ဖြန့်ထားပါ။
- **သွားလာရေးအတွက် ကြိုတင်စီစဉ်ထားခြင်း** - သင့်အေဂျင်စီမှ ဝန်ထမ်းအဖွဲ့များ ခရီးသွားလာ ခြင်းအတွက် စဉ်းစား၍ ခရီးသွားလာလေ့ရှိသည့် ပုံစံကို ကြိုတင်မခန့်မှန်းနိုင်စေရန် ခရီးလမ်းကြောင်း များ၊ ခရီးသွားရက်များ/အချိန်များကို ပြောင်းလဲကျင့်သုံးပါ။ ဒရုန်းကို မြင်တွေ့ရလေ့ရှိသည့် နေရာများ၊ တိုက်ပွဲများ ဖြစ်နေသည်ဟု သတင်းရရှိသော နေရာများတွင် ဝန်ထမ်းများ ရှိနေမည့် အချိန်ကို အနည်းဆုံးထိ လျော့ချပါ။
- **မိမိတို့ အဖွဲ့အစည်း၏ လုပ်ငန်းများ မြင်သာထင်သာ ရှိနေမှု** - အကူအညီပေးရေးပစ္စည်းများ ဝေငှရာတွင် လူစုလူဝေးဖြင့် လူစုခိုင်းကာ လုပ်ဆောင်ခြင်းထက် အဖွဲ့ငယ်များခွဲပြီး အချိန်ခွဲကာ ဝေငှခြင်းမျိုး လုပ် ဆောင်ကာ လုပ်ငန်းဆောင်ရွက်မှုများအတွင်း လူစုလူဝေးအရွယ်အစားကို လျော့ချပါ။ ယာဉ်များကိုလည်း သိမြင်နိုင်အောင် လုပ်မည် (အဖွဲ့အစည်း တံဆိပ်များ တပ်ဆင်ခြင်းစသည်ဖြင့်) (သို့) အခြား အရပ်သား ယာဉ်များနှင့် ရောနှောနိုင်အောင် လုပ်မည်ကို ဆုံးဖြတ်ပါ။ ညအချိန်တွင် လုပ်ငန်းလုပ်ဆောင်ခြင်းများ (သို့) မမြင်သာနိုင်သော အချိန်များ (ဥပမာ - နေဝင်ရီတရော) တွင် လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ပါ။
- **အပေါ်စီးမှ ဒရုန်းဖြင့် ကြည့်စဉ် ဒရုန်းမောင်းနှင်သူမှ အဓိပ္ပါယ်ကောက်လွဲနိုင်မည့် လုပ်ငန်းများ (သို့) ပုံမှန်လုပ်ငန်းများ** - အဝေးမှ ထိန်းချုပ်နေသော ဒရုန်းမောင်းနှင်သူသည် မည်သည်ကို မြင်ပြီး မည်သို့ အဓိပ္ပါယ်ကောက်မည်ကို စိတ်ကူးကြည့်ကာ အဓိပ္ပါယ်ကောက် လွဲနိုင်မည့် လုပ်ငန်းများ (သို့) ပုံမှန် လုပ်ငန်းများကို ရှောင်ကြဉ်ပါ။ သင့်တော်ပါက သက်ဆိုင်ရာ အာဏာပိုင်များအား မိမိတို့ လုပ်ငန်းများ အကြောင်း ကြိုတင်အသိပေးထားပြီး အဆိုပါလုပ်ငန်းများကိုလည်း အလွယ်တကူသိမြင်နိုင်ရန် လုပ်ဆောင်သင့်သည်။ (ဥပမာ - အပြင်ဘက်တွင် လုပ်ဆောင်ခြင်း၊ အကြောင်းကြားထားသည့်အတိုင်း အတိအကျလုပ်ဆောင်ခြင်းတို့ ပြုလုပ်သင့်သည်။

## မူဝါဒများနှင့် လုပ်ငန်းစဉ်များ ရေးဆွဲခြင်း

**အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်**

- **အလွယ်တကူလုပ်ဆောင်နိုင်မည့် လုပ်ဆောင်စရာများနှင့် အရေးတကြီးလုပ်ဆောင်ရမည့် လုပ်ဆောင် စရာများ** - ချက်ချင်းလုပ်ဆောင်နိုင်မည့် အစီအမံများ (ဝန်ထမ်းများကို သင်တန်းပေးခြင်းနှင့် ဆက်သွယ် ဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်း)နှင့် ပြင်ပမှ အကူအညီလိုမည့် အစီအမံများ (လုံခြုံမည့် ပုန်းခိုစရာများ တည်ဆောက်ခြင်း သို့မဟုတ် ထိန်းသိမ်းထားခြင်း)ကို ဖော်ထုတ်သတ်မှတ်ပါ။
- **ဝန်ထမ်းများကို အသိပညာပေးခြင်း** - ဒရုန်းကို မြင်တွေ့စဉ် (သို့) ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ် မည်သို့ လုပ်ဆောင်ရမည်၊ မည်သို့တုံ့ပြန်ရမည်နှင့် မည်သို့ အလျင်အမြန် ဆက်သွယ်လုပ်ဆောင်မည်ကို ဝန်ထမ်း များအား အသိပညာပေးပြီး သင်တန်းများပေးပါ။ ဝန်ထမ်းများအနေဖြင့်လည်း တုံ့ပြန်လုပ်ဆောင်ရေး အစီအစဉ်များကို သိရှိကာ လက်တွေ့လုပ်ဆောင်ပြီး အရေးပေါ်ရှေးဦးသူနာပြုစုခြင်း သင်တန်းများလည်း ရရှိထားအောင် သေချာလုပ်ဆောင်ထားရမည်။
- **ဆက်သွယ်ရေးဆိုင်ရာ နည်းလမ်းများ** - မိမိအဖွဲ့အနေဖြင့် မည်သည့်ဆက်သွယ်ရေးနည်းလမ်းများကို အသုံးပြုမည်ကို ဆုံးဖြတ်ထားပါ။ အချိန်အလိုက် သတင်းပို့ရန် ပုံမှန်အချိန်ဇယားများပြုလုပ်ထားပြီး ဘေး အန္တရာယ်အဆင့်အလိုက် အဆိုပါဇယားများကို လိုက်လျောညီထွေအောင် ပြန်ပြုပြင်ပါ (ဘေးအန္တရာယ် အဆင့်မြင့်လာပါက မကြာခဏ သတင်းပို့ခြင်း ပြုလုပ်သင့်သည်)။ အဆိုပါစနစ်များ မအောင်မြင်ပါက (သို့) ပြတ်တောက်သွားပါက အရံအစီအစဉ်များလည်း ရေးဆွဲထားပါ။
- **ရှေးဦးသူနာပြုဆေးပစ္စည်းများ** - ဘေးအန္တရာယ်များသော နေရာများသို့ ဝန်ထမ်းများ ခရီးထွက်ရ မည်ဆိုပါက မသွားမီ မိမိတို့အဖွဲ့များအတွက် ရှေးဦးသူနာပြုဆေးပစ္စည်းအထုပ်/ သေတ္တာများ လုံလောက် စွာ ဖြည့်ဆည်းထားရှိခြင်း၊ ယာဉ်များကို ကောင်းစွာထိန်းသိမ်းပြုပြင်ထားရှိခြင်းနှင့် ဝန်ထမ်းများမှာလည်း ကျန်းမာရေးကောင်းမွန်ခြင်းစသည်တို့ကို သေချာအောင် လုပ်ရမည်။

**စည်းမျဉ်းများ**
မိမိတို့ လုပ်ငန်းလုပ်ဆောင်ရာ နေရာများအတွက် ဖော်ထုတ်ထားသည့် ဒရုန်းနှင့် ဆက်နွယ်သော ဘေးအန္တရာယ် များ/ထိရှလွယ်ခြင်းများအတွက် ဘေးအန္တရာယ်လျော့ပါးရေး အစီအမံများ လုပ်ဆောင်ရန် စည်းမျဉ်းများ ရေးဆွဲပါ။

**အောက်ပါကိစ္စရပ်များအတွက် တာဝန်ယူမည့်သူများကို သတ်မှတ်ထားပါ -**

- ယေဘူယျအခြေအနေနှင့် ဒရုန်းတိုက်ခိုက်စဉ်အတွင်း **အခြေအနေကို စောင့်ကြည့်ခြင်း**
- **ဆက်သွယ်ခြင်း** – မည်သူက မည်သူ့ကို မည်သည့်အခြေအနေ/ဖြစ်စဉ်များတွင် အကြောင်းကြားမည်၊ မည် သည့် ဆက်သွယ်ရေးနည်းလမ်းကို အသုံးပြုမည် (မိုဘိုင်းဖုန်း၊ အပြန်အလှန် ရေဒီယိုလိုင်းဖြင့် ဆက်သွယ် ခြင်း၊ မျက်နှာချင်းဆိုင် ပြောခြင်း)
- **လူစုလူဝေးကို ထိန်းချုပ်ခြင်း** – မည်သူက လူစုခွဲအောင် လုပ်ဆောင်မည်။
- **ရှေးဦးသူနာပြုစုခြင်း** – အပြင်းအထန်ဒါဏ်ရာရသူများကို ဆေးကုသမှုခံယူနိုင်အောင် မည်သူကလုပ် ဆောင်မည်။

## ဆက်သွယ်ဆောင်ရွက်ခြင်း

| |
|---|
| ❗ ဆက်သွယ်ရေးအတွက် ဆက်သွယ်ရေးပစ္စည်းများနှင့် စည်းမျဉ်းများမရှိပဲ လုပ်ငန်းကို စတင်လုပ်ဆောင် ခြင်းမပြုပါနှင့်။ |

- ဆက်သွယ်ရန် လိုအပ်သော ခရီးသွားသည့် မည်သူမဆို **သင့်တော်သော ဆက်သွယ်ရေးပစ္စည်းများကို လက်လှမ်းမီနိုင်ရေး**အတွက် သေချာအောင် လုပ်ဆောင်သင့်သည်။
- ဖြစ်နိုင်ပါက မူလဆက်သွယ်ရေးနည်းလမ်းများမှာ ပျောက်ဆုံးခြင်း၊ ထိခိုက်ခြင်း (သို့) ပျက်စီးခြင်းတို့ ကြုံရပါက အသုံးပြုရန် **အရန်ဆက်သွယ်ရေးနည်းလမ်းများ**ကိုလည်း ထားရှိပါ။
- **ဆက်သွယ်ရေးစနစ်များကို စနစ်တကျ ရွေးချယ်ပါ။** ဘေးအန္တရာယ်များနှင့် အမျိုးမျိုးသော ဆက်သွယ် ရေးနည်းပညာများကို ဆန်းစစ်ပါ။ အခြားအကူအညီပေးရေးအဖွဲ့များထံမှ ၄င်းတို့ မည်သည့်ဆက်သွယ် ရေးပစ္စည်းများကို ဘာကြောင့်သုံးသည်ဟူသော အကြံပေးချက်များလည်း ရယူပါ။
- ဆက်သွယ်ရေးများမှာ ကြားဖြတ်နှောင့်ယှက်ခံရနိုင်ခြင်း၊ ဒရုန်းမောင်းနှင်သူများမှ ပစ်မှတ်ကို သတ်မှတ် ရန် အသုံးပြုနိုင်ခြင်း (သို့) ဒရုန်းဖြင့် မတိုက်ခိုက်မီ လိုင်းများဖြတ်တောက်ထားခြင်းစသည့် **ဘေးအန္တရာယ် များကို သတိထားရမည်**။

**ဆက်သွယ်ရေးကိရိယာများ**

- စိတ်ချရသည့် ဆက်သွယ်ရေးစနစ်များကို ရွေးချယ်ပါ။
- မိမိတို့ အေဂျင်စီလုပ်ငန်းလုပ်ကိုင်ရာ ပတ်ဝန်းကျင်အနေအထား/ အခြေအနေအပေါ် လိုက်လျောညီစွာ ညှိယူ နိုင်မည့် ဆက်သွယ်ရေးစနစ်များကို ရွေးချယ်ပါ။
- မိုဘိုင်းဖုန်းများ၊ ဂြိုလ်တုဖုန်းများနှင့် ရေဒီယိုလိုင်းများ အသုံးပြုခြင်းကို စောင့်ကြည့်နိုင်ပြီး ထောက်လှမ်း ရာတွင် အသုံးပြုခြင်းနှင့် ဒရုန်းတိုက်ခိုက်ရာတွင် ပစ်မှတ်အဖြစ် သတ်မှတ်ခံရနိုင်ခြင်းတို့ ရှိစေနိုင်သည်။
- အကူအညီပေးရေးအဖွဲ့များမှ နည်းပညာကို မှားယွင်းအသုံးချခြင်းသည် ယာဉ်များကို လက်နက်ကိုင်လှုပ်ရှားမှု တစ်စိတ်တစ်ပိုင်းအဖြစ် မှားယွင်းသတ်မှတ်ခံရနိုင်သည်။
- ယာဉ်များရှိ အင်တာနာတိုင်များ၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ပြန်စဉ်းစားပါ။ ၄င်းတို့သည် ဆက်သွယ် ရေးကို တိုးတက်စေသော်လည်း စစ်ဘက်ဆိုင်ရာ ယာဉ်များအဖြစ် မှားယွင်းကာ တိုက်ခိုက်ခံရနိုင်ချေကို တိုးစေနိုင်သည်။

**ဆက်သွယ်ရေးစည်းမျဉ်းများ**

- ပုံမှန် ဆက်သွယ်သတင်းပို့ခြင်းဆိုင်ရာ စည်းမျဉ်းတစ်ခု အသုံးပြုပါ။

## သင်တန်းပေးခြင်း

ကပ်ဘေးအခြေအနေများအတွင်း မည်သို့လုပ်ဆောင်ရမည်ကို လူအများသေချာသိရှိစေရန် သင်တန်းများပေးခြင်း မှာ အရေးပါလှပေသည်။ ဒရုန်းတိုက်ခိုက်စဉ်အတွင်း မည်သို့တုံ့ပြန်ရမည်ကို လက်တွေ့လေ့ကျင့်ထားပါက တကယ်တိုက်ခိုက်ခံရသောအခါ စိတ်ဖိစီးမှုများနေချိန်အတွင်း မှန်ကန်သော လုပ်ဆောင်မှုများကို ပြုလုပ်နိုင်ချေ ပိုများစေသည်။

- ထိရောက်သော သင်တန်းများပေးရာတွင် အခြေခံမရှိမဖြစ်စည်းမျဉ်းမှာ “လက်တွေ့လုပ်ဆောင်ခြင်း” ဖြစ်သည်။

- စာသင်ခန်းတွင် စာသင်သလို ပြောကြားခြင်းမျိုး မလုပ်ရပါ။ ဒရုန်းနှင့် ရင်ဆိုင်ရစဉ်/ တိုက်ခိုက်ခံရစဉ်တွင် မည်သို့လုပ်ဆောင်သင့်သည်ကို ထပ်ခါထပ်ခါ လက်တွေ့လေ့ကျင့်စေပါ။
- ဖြစ်နိုင်သော ဖြစ်ရပ်/အခြေအနေများကို အုပ်စုဖွဲ့ဆွေးနွေးခိုင်းပါ။
- ဝန်ထမ်းများကို ဒရုန်းနှင့် ရင်ဆိုင်ရခြင်း/ တိုက်ခိုက်ခံရခြင်းတို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေ များကို စဉ်းစားခြင်း၊ ဆွေးနွေးခြင်း၊ ကိုယ်တွယ်ခြင်းတို့တွင် တက်ကြွစွာ ပါဝင်စေရန် အားပေးပါ။
- ဖြစ်နိုင်သော ဖြစ်ရပ်များအတွက် မည်သို့လုပ်ဆောင်ရမည်ကို သိရှိအောင် အမျိုးမျိုးသော တာဝန်များပေး ၍ ဝန်ထမ်းများအား ဇာတ်တိုက်လေ့ကျင့်စေပါ။
- ဖြစ်စဉ်များကို ပြန်လည်သုံးသပ်၍ သင်ခန်းစာများယူပြီး ကြိုတင်အစီအစဉ်ရေးဆွဲခြင်း၊ လိုက်လျော ညီထွေမှုရှိစေရန် အစီအစဉ်များကို ပြန်လည်ပြင်ဆင်ခြင်းများ လုပ်ဆောင်သင့်သည်။

**သေချာသင်တန်းပေးထားခြင်း တန်ဖိုး**

- လူအားလုံး လိုက်နာရမည့် စည်းမျဉ်းများ၊ လုပ်ငန်းစဉ်များကို သိစေသည်။
- လူအားလုံး မည်သို့လုပ်ဆောင်ရမည်နှင့် ၎င်းတို့၏ တာဝန်ကို သိစေသည်။
- လူအားလုံး ပုန်းခိုစရာနေရာများ မည်သည့်နေရာတွင် ရှိသည်၊ ပုန်းခိုစရာရှာစဉ် မည်သည်ကို ရှာဖွေရမည်ကို သိစေသည်။
- ဝန်ထမ်းများသည် အထောက်အပံ့ရသည်၊ ဂရုစိုက်ခံရသည်ဟု ခံစားရစေမည်။
- ဝန်ထမ်းများကို သေချာသင်တန်းပေးထားပါက အေဂျင်စီသည် ဒရုန်းတိုက်ခိုက်မှုကြောင့် ပြတ်တောက်မှုကြုံတွေ့ရခြင်းများ လျော့နည်းစေနိုင်သည်။

## စောစီးစွာ သတိပေးစနစ်များ

စောစီးစွာ သတိပေးစနစ်များသည် မိနစ်အနည်းငယ်ခန့်ကြိုတင်သတင်းပေးနိုင်သဖြင့် အသက်များကို ကယ်တင်ရာတွင် အရေးပါလှပေသည်။ လက်ရှိတွင် ဒရုန်းရှိနေခြင်း၊ ချဉ်းကပ်လာခြင်းအတွက် သတိပေးနိုင်မည့် ထိရောက်သော၊ စိတ်ချရသော စောစီးစွာ သတိပေးစနစ်များ မရှိသေးသော်လည်း စမ်းသပ်သုံးစွဲကြည့်နိုင်မည့် နည်းလမ်းများကို အောက်တွင် ဖော်ပြထားသည်။

- မှန်ဘီလူးဖြင့် ကောင်းကင်ကို စောင့်ကြည့်ခြင်းနှင့် ဒရုန်းမော်တာသံကို နားထောင်ခြင်း (ညအခါ ပိုကြားလွယ်တတ်သည်) များ လုပ်နိုင်သည်။ သို့ရာတွင် ဒရုန်းများမှာ အသံပိုလုံလာသည်။ ဒရုန်းအသံ ဆိုသည်မှာ မီတာရာပေါင်း အနည်းငယ်အကွာကို ဆိုလိုသည်။
- မိမိတို့နေရာအတွင်း စစ်ရေးလှုပ်ရှားမှု တိုးလာခြင်း၊ ဂျီပီအက်စ် တည်နေရာပြစနစ်များ အကြောင်းမဲ့ အလုပ်မလုပ်တော့ခြင်း (သို့) ရေဒီယိုလိုင်းများ/ဖုန်းဆက်သွယ်ရေးစနစ်များ ပြတ်တောက်ခြင်းစသော ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများ ဖြစ်လာတော့မည့် သတိပေးလက္ခဏာများကို သတိပြုပါ။
- ဒရုန်းကို မြင်တွေ့ရပါက သတိပေးနိုင်ရန် လူကိုယ်တိုင် စောင့်ကြည့်သတင်းပေးမည့် ကွန်ရက်တစ်ခုကို မိမိလုပ်ငန်းလုပ်ဆောင်ရာ နေရာအဝေးမှ စတင်ကာ လုပ်ဆောင်ထားပါ။ မတိုက်ခိုက်မီ အချို့ဆက်သွယ် ရေးစနစ်များမှာ ဖြတ်တောက်ခံရနိုင်သည့်အတွက် အဆိုပါ စောင့်ကြည့်သူများအချင်းချင်း ထိရောက်စွာ မည်သို့ဆက်သွယ်မည်ကိုလည်း စဉ်းစားထားပါ (ဥပမာ - ဖုန်း သို့မဟုတ် နှစ်ဖက်အပြန်အလှန် ဆက် သွယ်နိုင်မည့် ရေဒီယိုဆက်သွယ်ရေး/ ဝေါကီတော်ကီ)။
- ဒရုန်းတည်ရှိနေသည့် မြင်နိုင်၊ ကြားနေနိုင်သော လက္ခဏာများကို မြေပြင်၊ ဝေဟင်စောင့်ကြည့်ရန် လူတစ်ယောက် သတ်မှတ်ထားရှိပါ။ ထိုသူတို့ စောင့်ကြည့်ရာတွင် အဟန့်အတားဖြစ်စေမည့် အချက် များအတွက် အသေးစိတ်လမ်းညွှန်ချက်များ ပြုလုပ်ပေးထားပါ။ (သီချင်းဖွင့်ထားခြင်းသည် ၎င်းတို့ ဒရုန်း သံနားစွင့်ရန် အနှောင့်အယှက်ဖြစ်မည်ဖြစ်ပြီး ပြတင်းပေါက်တစ်ခုတည်းရှိသော အခန်းတွင်းမှ စောင့် ကြည့်ခြင်းသည် ကောင်းကင်တစ်ခုလုံးကို မြင်ရန် ခက်ခဲပေမည်။)

**သာတူညီမျှ ဘေးအန္တရာယ်ကို မျှဝေယူခြင်း - မိမိမိတ်ဖက်အဖွဲ့အစည်းများကို တောင်းဆိုခြင်း**

ဖြစ်နိုင်ပါက မိမိ၏ ကမ္ဘာ့ကုလသမဂ္ဂ (သို့) နိုင်ငံတကာအဖွဲ့အစည်းမိတ်ဖက်အဖွဲ့များထံ ဆက်သွယ်၍ ၎င်းတို့ ဝန်ထမ်းများကို ပေးသော လုံခြုံရေးဆိုင်ရာ သင်တန်းများကို မိမိတို့ဝန်ထမ်းများကိုလည်း ပေးပေးရန် တောင်း ဆိုပါ။ အကူအညီပေးရေးအဖွဲ့အစည်းအားလုံး၏ ဘေးအန္တရာယ်နှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို ကိုင်တွယ် ဖြေရှင်းခြင်း စွမ်းဆောင်ရည်ကို တူညီမျှတမှုရှိစေရန်၊ ကောင်းမွန်သော အလေ့အထများကို အားပေးရန်၊ လုံခြုံ ရေးဆိုင်ရာ ဘေးအန္တရာယ်ကို စီမံခန့်ခွဲသော ဝန်ထမ်းအနေဖြင့် သတင်းအချက်/ အတွေ့အကြုံမရှိခြင်းကြောင့် ဖြစ်ပေါ်ရသော ဘေးအန္တရာယ်များကို လျော့ပါးစေရန် ဖြစ်သည်။

## ပစ်မှတ်ထားခံရခြင်းမှ ကာကွယ်ရန် လူသားချင်းစာနာမှုဆိုင်ရာ သံတမန်နည်းနှင့် ပြဿနာမဖြစ်အောင်နေခြင်းများကို အသုံးပြုခြင်း

*ပြဿနာမဖြစ်အောင်နေခြင်းဆိုသည်မှာ ပဋိပက္ခဖြစ်ပွားမည်ကို ရှောင်ကြဉ်ခြင်း (သို့) အမျိုးမျိုးသော အဖွဲ့များ/ အခြေအနေများအကြား ဖြစ်လာနိုင်မည့် ပဋိပက္ခများကို ရှောင်ကြဉ်ခြင်း ဖြစ်စဉ်တစ်ခု ဖြစ်သည်။*

လူသားချင်းစာနာမှုဆိုင်ရာ သံတမန်နည်းနှင့် ပြဿနာမဖြစ်အောင်နေခြင်းတို့သည် အကူအညီပေးရေးအဖွဲ့များမှာ ဘက်လိုက်မှုမရှိပဲ အကာအကွယ်ပေးရမည်ဟု အသိအမှတ်ပြုစေခြင်းအားဖြင့် အကူအညီပေးရေးလုပ်ငန်းများကို ဒရုန်းဖြင့် တိုက်ခိုက်ခံရခြင်းများမှ ကာကွယ်ရန် အထောက်အကူပြုပေသည်။ မိမိတို့ အေဂျင်စီလုပ်ငန်းလုပ်ကိုင်ရာ နိုင်ငံအတွင်းရှိ ပဋိပက္ခနှင့် ပတ်သက်နေသော အဖွဲ့အားလုံးနှင့် သံတမန်ရေးအရ တွေ့ဆုံညှိနှိုင်းခြင်းအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများသည် အကူအညီလိုအပ်နေသူများသို့ အန္တရာယ်ကင်းစွာ လက်လှမ်းမီ ရေးအတွက် ညှိနှိုင်းနိုင်ခြင်း၊ ၎င်းတို့ အဖွဲ့အစည်းရည်မှန်းချက်များကို ရှင်းလင်းစွာ တင်ပြနိုင်ခြင်းနှင့် ဒရုန်းဖြင့် တိုက်ခိုက်ရာတွင် ပစ်မှတ်အဖြစ် မှားယွင်းသတ်မှတ်ခံရသည့် ဘေးအန္တရာယ်ကို လျော့ချနိုင်ခြင်းတို့ လုပ်ဆောင် နိုင်ပေသည်။ အကူအညီပေးရေး အေဂျင်စီမှ ဝန်ထမ်းများ/ ယာဉ်များ၏ လုပ်ငန်းဆိုင်ရာ ခရီးသွားလာခြင်းများကို ပဋိပက္ခတွင် သက်ဆိုင်နေသော အဖွဲ့များသို့ ကြိုတင်သတင်းပို့ထားခြင်း၊ သင့်တော်ပါက အဆိုပါအဖွဲ့များထံ မိမိတို့ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြိုတင်ညှိနှိုင်းထားခြင်းစသော ပြဿနာမဖြစ်အောင်နေခြင်းဆိုင်ရာ ယန္တရားများ သည် အကူအညီပေးရေးလုပ်ငန်းများကို စစ်ဆင်ရေးလုပ်ငန်းများနှင့် ခွဲခြားနိုင်ရန် အထောက်အကူပြုနိုင်ပြီး ပစ်မှတ်အဖြစ် မှားယွင်းသတ်မှတ်ခံရခြင်းကို နည်းပါးစေနိုင်မည်။[1]
သို့ရာတွင် ဘေးအန္တရာယ်များ ကြုံရနိုင်ချေ မြင့်မားနေသော်လည်း ဒေသန္တရမိတ်ဖက်အဖွဲ့များနှင့် အရပ်ဖက် အဖွဲ့အစည်း (CSOs) များမှာ ပဋိပက္ခတွင် ပတ်သက်နေသော အဖွဲ့များနှင့် ၎င်းတို့ အကူအညီပေးနေရာ လူထုသို့ လူသားချင်းစာနာမှုလုပ်ငန်းအတွက် လက်လှမ်းမီစေရေးအတွက် ညှိနှိုင်းမှုများ မလုပ်ဆောင်နိုင်ပေ။ ၎င်းတို့သည် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားညှိနှိုင်းရေးယန္တရားများသို့ အဆိုပါညှိနှိုင်းမှုများလုပ်ဆောင်ပေးရန်နှင့် ၎င်းတို့ပိုမိုလုံခြုံမှုရှိစေရန် အကူအညီတောင်းခံနိုင်သည်။

---

[1] ပြဿနာမဖြစ်အောင်နေခြင်းနှင့် စစ်ဘက်-အရပ်ဘက်ဆိုင်ရာ ပဋိပက္ခအတွက် ပိုမိုသိလိုပါက GISF ၏ NGO Security Toolbox တွင် သွားရောက်ကြည့်ရှုနိုင်သည်။

ဆက်ဆံရေးနှင့် ညှိနှိုင်းမှုများလုပ်ဆောင်ရန် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းကြီးများ၏ လုပ်ဆောင်နိုင် စွမ်းနှင့် ယုံကြည်ရမှုများကို အသုံးချနိုင်သည်။

**အရေးပါသော လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။**

- **ကမ္ဘာ့ကုလသမဂ္ဂ (UN)** အဖွဲ့အစည်းသည် နိုင်ငံများနှင့် လက်နက်ကိုင်အဖွဲ့များကို ကျယ်ပြန့်သော သဘောတူညီမှုများအတွက် အမြင့်ဆုံးသံတမန်အဆင့်အတန်းဖြင့် ဆက်ဆံဆွေးနွေးနိုင်ပြီး လူသားချင်း စာနာမှုဆိုင်ရာ စကြံများဖြစ်ပေါ်လာရေးနှင့် ပြဿနာမဖြစ်စေရေး ယန္တရားများအတွက် ဆောင် ရွက်ပေးနိုင်သည်။

- **နိုင်ငံတကာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross-ICRC)** သည် ဘက်မလိုက်သော ကြားခံအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးနိုင်ပြီး နိုင်ငံတကာ လူသားချင်းစာနာမှု ဆိုင်ရာ ဥပဒေကို လေးစားလိုက်နာရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ရပ်ဝန်းကို ကာကွယ်ပေးခြင်း တို့အတွက် ဆောင်ရွက်ပေးနိုင်ကာ ပဋိပက္ခအဖွဲ့များအကြား ယုံကြည်စိတ်ချရသော ဆွေးနွေးပွဲများကို ဆောင်ရွက်ပေးနိုင်သည်။

- **နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ**သည် ဒေသန္တရအာဏာပိုင်များ၊ စစ်တပ်များနှင့် သက်ဆိုင်ရာများနှင့် ညှိနှိုင်းကာ လုပ်ငန်းဆောင်ရွက်ခြင်းအဆင့်တွင် ထိပ်တိုက်မတွေ့စေရေးအတွက် ညှိနှိုင်းပေးနိုင်ပြီး အကူအညီများကို ဘေးကင်းစွာ ပို့ဆောင်၊ ဖြန့်ဝေရေးတွင် လက်လှမ်းမီမှုရှိစေရေး လုပ်ဆောင်နိုင်သည်။

- **ဒေသန္တရမိတ်ဖက်အဖွဲ့အစည်းများနှင့် အရပ်ဖက်အဖွဲ့အစည်းများ**သည် လူထုနှင့် နက်ရှိုင်းစွာ ချည် နှောင်ထားသော ဆက်ဆံရေးကို အခွင့်ကောင်းယူ၍ ညှိနှိုင်းခြင်း၊ ရင်းနှီးမှုတည်ဆောက်ခြင်းနှင့် အရေး ကြီးသော လုံခြုံရေးဆိုင်ရာ သတင်းများပေးခြင်းစသည့်အားဖြင့် မြေပြင်ရှိ ညှိနှိုင်းမှုများတွင် အရေးပါ သော အခန်းကဏ္ဍမှ လုပ်ဆောင်နိုင်သည်။

# ဒရုန်းတိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ ကိုင်ကွယ်ရန် လက်တွေ့လမ်းညွှန်ချက်

ဤလက်တွေ့လမ်းညွှန်ချက်တွင် လူများအတွက် အပြင်ဖက်တွင်ရှိနေစဉ် ဒရုန်းနှင့် ရင်ဆိုင်ရပါက လုပ်ဆောင်ရ မည့် တစ်ကိုယ်ရည်လုံခြုံရေးဆိုင်ရာများနှင့် အဆောက်အဦးရှိနေစဉ် ဒရုန်းဖြင့်တိုက်ခိုက်ခံရသောအခါ လုပ်ဆောင် ရမည်များကို အလေးပေးဖော်ပြထားပါသည်။ အကူအညီပေးရေးလုပ်ငန်းကို ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း လူစုလူဝေးကို မည်သို့စီမံရမည်နှင့် ဒရုန်းအပိုင်းအစများထံ မည်သို့ချဉ်းကပ်ရမည်ကိုလည်း ဖော်ပြထားသည်။ ခရီးသွားလာခြင်းအတွက် လမ်းညွှန်ချက်တွင် ဒရုန်းဖြင့် တိုက်ခိုက်ခံရမည့် အန္တရာယ်ကို မည်သို့ကိုင်တွယ်ရမည်ကို ယေဘူယျလမ်းညွှန်ထားသည်။ ယာဉ်ဖြင့် ခရီးသွားခြင်း (သို့) ယာဉ်တန်းများဖြင့် စီတန်းကာ ခရီးသွားခြင်းသည် ဒရုန်းဖြင့် တိုက်ခိုက်ခံရနိုင်ချေကို မြင့်မားစေသည်။

အောက်ပါ လမ်းညွှန်ချက်တစ်ခုချင်းစီကို သီးခြားစာစောင်အနေဖြင့် ဖတ်ရှုနိုင်သည် -

**<u>လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - အပြင်ဖက်တွင် ရှိစဉ် ဒရုန်းဖြင့် ရင်ဆိုင်ရပါက</u>**

**<u>လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး - ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက</u>**

**<u>လက်တွေ့လမ်းညွှန်ချက် - ခရီးသွားလာနေစဉ် ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်</u>**

**<u>လက်တွေ့လမ်းညွှန်ချက် - အကူအညီပေးရေးလုပ်ငန်းများအား ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်</u>**

## (က) လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး
## **အပြင်ဖက်တွင် ရှိစဉ် ဒရုန်းဖြင့် ရင်ဆိုင်ရပါက**

❗ **အပြင်ဖက်တွင် ရှိစဉ် ဒရုန်းဖြင့် ရင်ဆိုင်ရပါက လုပ်ဆောင်ရမည့် တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေးဆိုင်ရာ အဓိကအချက်များ -**

- အကာအကွယ်ယူပါ။ အပြင်ဖက်၊ အမြင့်ပိုင်းများတွင် ရှိနေခြင်းထက် အဆောက်အဦးအတွင်းဖက်၊ အနိမ့်ပိုင်းများတွင် ရှိနေခြင်းက ပိုအန္တရာယ်ကင်းသည်။
- သင်နှင့် ဒရုန်းအကြား နံရံနှစ်ခုခြားကာ အကာအကွယ်ဖြစ်စေမည့် နေရာကို ရှာပါ။
- ပုန်းခိုနေစဉ် ငြိမ်ငြိမ်နေပါ။ ပြားပြား ဝပ်နေပါ။ လှုပ်ရှားခြင်းဖြင့် ဒရုန်း၏ အမြင်အာရုံခံဆင်ဆာစနစ်ကို သတိထားမိအောင် မလုပ်ပါနှင့်။
- ဒရုန်းနီးကပ်လာချိန် အကာအကွယ်မရရှိနိုင်ပါက ဒရုန်းသင့်နောက်မှ လိုက်ရန် ခက်ခဲစေရန် မြွေလိမ်မြွေကောက်ပုံစံဖြင့် ပြေးပြီး အနီးဆုံးအကာအကွယ်သို့ သွားကာ အကာအကွယ်ယူပါ။
- အဖွဲ့လိုက်ဖြစ်ပါက မတူညီသော ဦးတည်ရာများသို့ လူစုခွဲပြေးပါ။

**တစ်ကိုယ်ရည်ဘေးကင်းရေး**
**အပြင်မှာ ရှိနေစဉ် ဒရုန်းနှင့် ရင်ဆိုင်ရပါက လုပ်ဆောင်ရန် လမ်းညွှန်ချက်**
ဤအစီအမံများသည် မိမိဘေးကင်းလုံခြုံရေးအတွက် အာမမခံနိုင်ပေ။ အမျိုးမျိုးသော ဘေးအန္တရာယ်ဖြစ်နိုင်ချေများကိုလည်း ဆန်းစစ်ပြီး သင့်တင့်မျှတအောင် လုပ်ဆောင်သင့်သည်။

| ဆောင်ရန် | ရှောင်ရန် |
|---|---|
| အပြင်တွင် ရှိနေစဉ် ဒရုန်းရောက်လာပါက ပုန်းခိုစရာ ရှာပါ။ | **ဒရုန်းထံမှ ပြေးရန် မကြိုးပမ်းပါနှင့်။ မောင်းသူမဲ့လေယာဉ်များသည် လူထက် မြန်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် သင့်အား သံသယဖြစ်စေပြီး ပစ်မှတ်ထားခံရနိုင်မှု ဖြစ်စေသည်။** |
| မော်တော်ဆိုင်ကယ်ပေါ်မှ ဆင်း၍ ပုန်းခိုစရာရှာပါ။ မော်တော်ယာဉ်အတွင်းမှ ထွက်၍ ပုန်းခိုစရာရှာပါ။ | **မောင်းသူမဲ့လေယာဉ်ထံမှ မောင်းပြေးရန် မကြိုးပမ်းပါနှင့်။ ၎င်းပျံသန်းခြင်းထက် ပိုမြန်အောင် မောင်းရန် မဖြစ်နိုင်ပါ။** |
| အကောင်းဆုံးမှာ တံတားအောက် (သို့) အဆောက်အအုံအတွင်း (သို့) နံရံနှစ်ထပ်ဖြင့် အကာအကွယ်ပေးနိုင်သော အဆောက်အဦးများ (ဆိုလိုသည်မှာ- ဗုံးဒါဏ်သက်ရောက်မည့် နေရာနှင့် မိမိအကြားအခိုင်အမာ နံရံနှစ်ထပ်ခြားနေခြင်း)စသည့် အဆောက်အအုံအခိုင်အမာတွင် ပုန်းခိုပါ။ | **ကွင်းပြင် (သို့) လမ်းမလယ်မှ မပြေးပါနှင့်။** |
| ပုန်းခိုရန် အခိုင်အမာအဆောက်အဦးများ မရှိလျှင် ဖြစ်နိုင်ပါက **မြေပေါ်ရှိ တောင်ကြား/ချိုင့်ဝှမ်း (မြေနိမ့်ရာ)** တို့တွင် အကာအကွယ်ယူပါ။ (ဗုံးပေါက်ကွဲမှုများသည် အောက်ဖက်သို့ မဟုတ်ဘဲ အထက်ဖက်သို့ အင်္ဂလိပ်အက္ခရာ “V” ဗွီပုံစံ | **ဖြစ်နိုင်ချေရှိသော ပစ်မှတ်များနှင့် နီးကပ်စွာ မနေပါနှင့်။** |

| | |
|---|---|
| ပေါက်ကွဲတတ်သောကြောင့် ဖြစ်သည်။) | |
| ဒရုန်းနှင့် အလွန်နီးကပ်ပါက ပွန်းခိုစရာနေရာသို့ မြေလိမ်မြွေကောက်ပြေးပြီး ဦးတည်ရာကိုလည်း မကြာခဏ ပြောင်းကာပြေးပါ။ | **ဒရုန်းနှင့် အလွန်နီးကပ်ပါက အနီးဆုံးပုန်းခိုစရာနေရာသို့ ပြေးပါ။ သို့သော် မျဉ်းဖြောင့်အတိုင်း မပြေးပါနှင့်။** |
| မောင်းသူမဲ့လေယာဉ်ကို မြင်သောနေရာမှ ပြေးပါက ဖြေးဖြေးချင်း၊ အေးဆေးစွာ ပြေးပါ။ သစ်ပင်အောက်၊ အရိပ်ထဲတွင် နေပြီး အကြောက်လွန်ခြင်း၊ တုန်ရင်ခြင်းများ ရှောင်ပါ။ | **အခြားသူများကို အကူအညီတောင်းရန် လက်ဝှေ့ယမ်းခြင်း မလုပ်ပါနှင့်။ လှုပ်ရှားမှုသည် မောင်းသူမဲ့လေယာဉ်၏ အမြင်အာရုံခံစနစ်ကို စွဲဆောင်စေနိုင်သည်။** |
| သင့်တော်ပြီး ဖြစ်နိုင်ပါက မိမိခန္ဓာကိုယ်ကို မောင်းသူမဲ့လေယာဉ်၏ ကင်မရာမှ ကာထားပေးနိုင်မည့် တစ်ခုခုအောက်တွင် ပြားပြားဝပ်နေပါ။ | **ဖြစ်နိုင်ပါက မိမိခန္ဓာကိုယ်ကို မပေါ်ပါစေနှင့်။ နောက်ဆုံးပေါ် မောင်းသူမဲ့လေယာဉ်များသည် အပူချိန်ကို ထောက်လှမ်းသိရှိနိုင်သည်။** |

| | | |
|---|---|---|
| ပြင်သစ်ဘာသာဖြင့် ဤလမ်းညွှန်ချက်ကို ဒေါင်းလုဒ်လုပ်ပါ။ | ဤလမ်းညွှန်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဒေါင်းလုဒ်လုပ်ပါ။ | ဤလမ်းညွှန်ချက်ကို အာရဗီဘာသာဖြင့် ဒေါင်းလုဒ်လုပ်ပါ။ |

(ခ) လက်တွေ့လမ်းညွှန်ချက် - တစ်ကိုယ်ရည်ဘေးကင်းလုံခြုံရေး

# ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက

**❗ ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက လုပ်ဆောင်သင့်သည့် တစ်ကိုယ်ရည် ဘေးကင်းလုံခြုံရေးဆိုင်ရာ အဓိကအချက်များ**

- အကာအကွယ်ယူပါ။ အကောင်းဆုံးမှာ မိမိနှင့် အဆောက်အဦးအပြင်ဖက်ကြားတွင် နံရံနှစ်ခု ရှိပါစေ။
- ပြတင်းပေါက်အပြင်သို့ ထွက်မကြည့်ပါနှင့်။
- မီးလောင်နိုင်သည့် အန္တရာယ်ရှိသည့် ပစ္စည်းများနှင့် ဝေးဝေးနေပါ။

တစ်ကိုယ်ရည်ဘေးကင်းရေး
**ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း အဆောက်အဦးအတွင်း ရှိနေပါက လုပ်ဆောင်ရန် လမ်းညွှန်ချက်**
ဤအစီအမံများသည် မိမိဘေးကင်းလုံခြုံရေးအတွက် အာမမခံနိုင်ပေ။ အမျိုးမျိုးသော ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကိုလည်း ဆန်းစစ်ပြီး သင့်တင့်မျှတအောင် လုပ်ဆောင်သင့်သည်။

| ဆောင်ရန် | ရှောင်ရန် |
|---|---|
| အကောင်းဆုံးမှာ အပြင်ဖက်နှင့် မိမိအကြား နံရံအခိုင်အမာနှစ်ထပ်ရှိနိုင်မည့် အခန်းကို ရှာပါ။ | **ပြတင်းပေါက်အပြင်သို့ မကြည့်ရပါ။** |
| ခိုင်မာသော ပရိဘောဂများဖြစ်သည့် စားပွဲခုံများ (သို့) ကုတင်များကို ဗုံးစများမှ အကာအကွယ်ယူရန် အကာအကွယ်အဖြစ် အရေးပေါ်အသုံးပြုနိုင်သည်။ | **လွင့်စင်နိုင်သဖြင့် ပြတင်းပေါက်များ (သို့) သစ်သားတံခါးများမှ အဝေးတွင်နေပါ။** |
| ရနိုင်ပါက သတ္တုအုတ်ပါသည့် မွေ့ယာများသည် အပူချိန်အာရုံခံကင်မရာပါသည့် မောင်းသူမဲ့လေယာဉ်များမှ အနည်းငယ်ကာကွယ်မှုပေးနိုင်သည်။ | **စောင်များသည် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုခံရစဉ်အတွင်း ထိရောက်စွာ အကာအကွယ်မပေးနိုင်ပါ။** |
| ပြတင်းပေါက်များမှ အဝေးတွင်နေရမည် ဆိုသော်လည်း ဘေးကင်းပါက ခန်းဆီးနှင့် အကာများပိတ်ခြင်း (သို့) အတားအဆီးများတပ်ဆင်ခြင်းတို့ ပြုလုပ်နိုင်သည်။ | **မိမိကိုယ်ကို ပြတင်းပေါက်အနီး (သို့) အပြင်သို့ထွက်နိုင်သော အပေါက်များအနီးတွင် မရှိပါစေနှင့်။** |
| လူအများ ပုန်းခိုရန် ပုံမှန်အသုံးပြုမည့်နေရာဖြစ်ပါက မှန်စများ လွင့်စင်ခြင်းကို နည်းပါးစေမည့် ဖုံးဒါဏ်ခံ အလွှာများ၊ duct tape များကို ပြတင်းပေါက်များတွင် ကပ်ပါ။ | **ဖုံးဒါဏ်ခံ အလွှာများ၊ duct tape များကို ပြတင်းပေါက်များကပ်ထားပြီး ဖြစ်သော်လည်း မှန်စများ လွင့်စင်နိုင်သေးသည့်အတွက် ပြတင်းပေါက်အနီးတွင် ပုန်းခိုခြင်း မပြုရပါ။** |
| မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရမှုအတွင်း နောက်ဆက်တွဲအန္တရာယ်များဖြစ်သည့် မီးလောင်ကျွမ်းခြင်း (သို့) ပေါက်ကွဲခြင်းများ ဖြစ်နိုင်သည်ကို သတိရှိပါ။ | **အနီးနားတွင် ပေါက်ကွဲမှု (သို့) မီးလောင်မှုကြောင့် အောက်ဆီဂျင် ဆလင်ဒါအိုးများ ပေါက်ကွဲနိုင်သဖြင့် ၎င်းအနီးအနားတွင် မပုန်းခိုသင့်ပါ။** |

| | |
|---|---|
| ပွန်းခိုစရာနေရာမှ အနည်းဆုံးထွက်ပေါက် (၂)ခု ရှိစေရန် သေချာအောင် လုပ်ဆောင်ထားပါ။ | **ပစ်မှတ်ထားခံရနိုင်သဖြင့် အဆောက်အအုံ၏ အထက်ပိုင်း အလွှာများတွင် မနေပါနှင့်။** |

| | | |
|---|---|---|
| ပြင်သစ်ဘာသာဖြင့် ဤလမ်းညွှန်ချက်ကို ဒေါင်းလုဒ်လုပ်ပါ။ | ဤလမ်းညွှန်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဒေါင်းလုဒ်လုပ်ပါ။ | ဤလမ်းညွှန်ချက်ကို အာရဗီဘာသာဖြင့် ဒေါင်းလုဒ်လုပ်ပါ။ |

# (ဂ) လက်တွေ့လမ်းညွှန်ချက် - အကူအညီပေးရေးလုပ်ငန်းများအား **ဒရုန်းဖြင့် တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်**

❗ **အကူအညီပေးရေးအေဂျင်စီ၏ ဝတ္တရားများ -**

- အကူအညီပေးရေးအေဂျင်စီအနေဖြင့် ၎င်း၏ ဝန်ထမ်းများအပေါ် ဂရုစိုက်ပေးရမည့် တာဝန်ရှိသည်။
- အကူအညီပေးရေးအေဂျင်စီအနေဖြင့် ၎င်းတို့ ကူညီမှုပေးရာ လူထုအပေါ်တွင် ဂရုစိုက်ပေးရမည့် တာဝန်ရှိသည်။
- အကူအညီပေးရေးအေဂျင်စီအနေဖြင့် အရေးကြီးသောဝန်ဆောင်မှုများကို ထိန်းထားနိုင်ရန် မိမိတို့လုပ်နိုင်သည်များကို လုပ်ဆောင်သင့်သည်။

**ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း တုံ့ပြန်လုပ်ဆောင်ရန် - ဒရုန်းဖြင့် တိုက်ခိုက်ခံရစဉ်အတွင်း ဝန်ထမ်းများနှင့် အကူအညီရယူသူများကို စီမံမှုဆိုင်ရာ လမ်းညွှန်ချက်**
အကူအညီပေးရေး အေဂျင်စီများအနေဖြင့် ဒရုန်းဖြင့် တိုက်ခိုက်ခံစဉ်အတွင်း ၎င်းတို့နှင့် လုပ်ကိုင်နေသော လူများအား မည်သို့စီမံခန့်ခွဲမည်ကို ကြိုတင်အစီအစဉ်ဆွဲထားသင့်သည်။ အဆိုပါ အစီအမံများသည် ဘေးကင်း လုံခြုံရေးအတွက် အာမမခံနိုင်ပေ။ အမျိုးမျိုးသော ဘေးအန္တရာယ်ဖြစ်နိုင်ချေများကိုလည်း ဆန်းစစ်ပြီး သင့်တင့် မျှတအောင် လုပ်ဆောင်သင့်သည်။

**လူစုလူဝေးဖြင့် ရှိနေစဉ် ဖြစ်ပါက လူများကို မတူညီသော ဦးတည်ရာများသို့ လူစုခွဲ၍ ပြေးခိုင်းခြင်းအားဖြင့် ဒရုန်းမောင်းနှင်သူမှ မည်သူ့ကို ပစ်မှတ်ထားလိုက်ရမည်ကို မသိဖြစ်စေမည်။**

- ဝန်ထမ်းအားလုံးမှ အရေးပေါ်လုပ်ငန်းစဉ်များကို သိရှိထားရန် သေချာလုပ်ထားရမည်။
- ဆက်သွယ်ရေးနည်းလမ်းများကိုလည်း ကြိုတင်သတ်မှတ်ထားရမည်ဖြစ်ပြီး ရည်မှန်းထားသည့်အတိုင်း အဆိုပါနည်းလမ်းများ အလုပ်ဖြစ်သည်ကို သေချာအောင် လုပ်ထားရမည်။
- လူထုကို လမ်းညွှန်မှုပေးမည့် ဝန်ထမ်းများမှာ ကောင်းစွာသင်တန်းရရှိထားပြီး ဒရုန်းဖြင့် တိုက်ခိုက်ခံ ရစဉ် မည်သို့လုပ်ဆောင်ရမည်ကို သိနေစေရန် သေချာလုပ်ထားရမည်။

**အကူအညီပေးရေးလုပ်သားများအတွက် ပုန်းခိုစရာများ/အကာအကွယ်များ လက်လှမ်းမီစေရေးကို သေချာ အောင် လုပ်ဆောင်ရမည်။**

- ပုန်းခိုနိုင်မည့် လုံခြုံဘေးကင်းရာ နေရာများ ဘယ်မှာရှိသည်ကို ဝန်ထမ်းအားလုံး သိနေစေရမည်။
- ဝန်ထမ်းများနှင့် မိမိအေဂျင်စီ ကူညီပေးရာ လူထုအတွင်းမှ ထိရှလွယ်သူများအား မည်သို့အကူအညီပေးရမည်ကို လမ်းညွှန်ချက်များရေးဆွဲထားရမည်။

**အခြေအနေစောင့်ကြည့်ရန် တစ်စုံတစ်ယောက်ကို တာဝန်ပေးထားပြီး ဖြစ်ပေါ်နေသည်များကို သတင်းပို့ခြင်းကို သေချာအောင် လုပ်ထားရမည်။**

- အခြေအနေစောင့်ကြည့်ရန် တစ်စုံတစ်ယောက်ကို သေချာတာဝန်ပေးထားပါ။
- အဆိုပါတာဝန်ပေးခံရသူကို မည်သည်ကို စောင့်ကြည့်ရမည်ကို သင်တန်းပေးထားပါ။

- ရှင်းလင်းသော ဆက်သွယ်သတင်းပို့လမ်းကြောင်းကို ပြုလုပ်ထားပြီး စောင့်ကြည့်မှုသတင်းအချက် အလက်များကို တာဝန်ရှိသူ (သို့) အခြားသက်ဆိုင်သူများ/ လူထုများအား ပေးပို့ရာတွင် မည်သည့် အချက်လက်များလိုအပ်သည်ကို သတ်မှတ်ထားပါ။

**ဘေးကင်းပါက အရေးပေါ်စောင့်ရှောက်မှုပေးရန် ပြင်ဆင်ပါ။**

- အရေးပေါ် သူနာပြုဆေးကုသမှုပေးရန် လိုအပ်သော ဆေးဝါးကိရိယာများ ရရှိနိုင်ရန် သေချာစွာ လုပ်ဆောင်ထားပါ။
- နှစ်ကျော့ပြန် တိုက်ခိုက်ခြင်းဖြစ်နိုင်ချေကို သတိထားပြီး သင့်တော်သလို ဆောင်ရွက်ပါ။ (အဆိုပါ တိုက် ခိုက်မှုများမှာ ကနဦးတိုက်ခိုက်မှုအပြီး နောက်တစ်ခါပြန်တိုက်ခိုက်ခြင်းဖြစ်ပြီး အရေးပေါ် တုံ့ပြန် ဆောင်ရွက်သူများကို ပစ်မှတ်ထားလေ့ရှိသည်။

**ဆင်းသက်သော (သို့) ပျက်ကျသော ဒရုန်းဆီသို့ ချဉ်းကပ်ခြင်းအတွက် လမ်းညွှန်ချက်**

- **ဒရုန်း၏ သတ်ကွင်းသည် (၇)မီတာ သို့မဟုတ် ၄င်းအထက်ရှိသည်။**

လူများအား မြေသို့ကျဆင်းလာသော ဒရုန်းများမှ စိတ်ချရသော အကွာအဝေးတွင်သာ နေစေရမည်။

- **မည်သည့်ခဲယမ်းများမဆို (သို့) ခဲယမ်းများ၏ မည်သည့်အစိတ်အပိုင်းကိုမဆို ထိတွေ့ခြင်းမှ ရှောင်ကြဉ် ခိုင်းပါ။**

၄င်းတို့သည် ပေါက်ကွယ်နိုင်ဆဲဖြစ်နိုင်ခြင်း၊ ထိလိုက်ပါက ပေါက်ကွဲစေရန် ထောင်ချောက်ဆင်ထားခြင်း ဖြစ်နိုင်ပေသည်။

- **ဒရုန်းမောင်းနှင်သူသည် ဒရုန်းကင်မရာမှတစ်ဆင့် စောင့်ကြည့်နိုင်ဆဲဖြစ်ကြောင်း သတိပြုပါ။**

ဒရုန်းဆီသို့ တစ်စုံတစ်ယောက်ချဉ်းကပ်လာပါက ဖောက်ခွဲနိုင်ရန် ဒရုန်းမောင်းနှင်သူမှ ပြုလုပ်နိုင်သေး သည်။

- **ဒရုန်းကင်မရာ မျက်နှာမူရာဖက်ခြမ်းမှ ဒရုန်း (သို့) ၄င်းအစိတ်အပိုင်းများသို့ မချဉ်းကပ်ပါနှင့်။**

ကင်မရာကောင်းသေးပုံပေါ်ပါက တစ်စုံတစ်ဦးချဉ်းကပ်လာသည်ကို မောင်းနှင်သူ မမြင်ပါစေနှင့်။

- **ဒရုန်းအပိုင်းအစ (သို့) မပေါက်ကွဲသေးသည့် ခဲယမ်းများဆီသို့ လမ်းကြောင်းဆွဲပါ။**

ဖြစ်နိုင်ပါက ဒရုန်းဆီသို့ ဘေးကင်းသော သွားရာလမ်းကြောင်းသတ်မှတ်ပြီး ချဉ်းကပ်သွားရန် သင်တန်း ရထားသူသာ သွားခွင့်ပြုပါ။

- **ကျည်အခြင်း (ပေါက်ကွဲရန် မအောင်မြင်သည့် ခဲယမ်းများ) ဖြစ်နိုင်ချေကိုလည်း သတိပြုပါ။**

မပေါက်ကွဲနိုင်ပဲ ရှိနေသော ဒရုန်းများ၊ သစ်ပင်များ/ လျှပ်စစ်မီးကြိုးများနှင့် ငြိနေသော ဒရုန်းများ ပါဝင် သည်။

- **ဖြစ်နိုင်သည့် နောက်ဆက်တွဲ ဘေးအန္တရာယ်များကိုလည်း သတိထားရမည်။**

နံရံများပြိုကျခြင်း၊ မှန်များလွင့်စင်ခြင်းနှင့် မီးလောင်ခြင်းတို့ ပါဝင်သည်။

- **နှစ်ကျော့ပြန် ဒရုန်းတိုက်ခိုက်ခြင်း ဖြစ်နိုင်ချေကိုလည်း သတိပြုရမည်။**

ကနဦးတိုက်ခိုက်မှုအပြီး နောက်တစ်ခါထပ်တိုက်ခိုက်ခြင်းဖြစ်ပြီး ရှေးဦး
အရေးပေါ် တုံ့ပြန်သူများအား ပစ်မှတ်ထားတတ်သည်။

| | |
|---|---|
| ပြင်သစ်ဘာသာဖြင့် ဤလမ်းညွှန်ချက်ကို ဒေါင်းလုဒ်လုပ်ပါ။ | ဤလမ်းညွှန်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဒေါင်းလုဒ်လုပ်ပါ။ |

## (ဃ) လက်တွေ့လမ်းညွှန်ချက် - ခရီးသွားလာနေစဉ် ဒရုန်းဖြင့် **တိုက်ခိုက်ခြင်းများနှင့် စပ်လျဉ်း၍ ကိုင်တွယ်ဖြေရှင်းရန်**

❗ **ခရီးသွားလာစဉ် ဒရုန်းဖြင့် တိုက်ခိုက်ခံရနိုင်ချေများ**

- ဒရုန်းများသည် မကြာခဏ လမ်းမ (သို့) စစ်ဆေးရေးဂိတ်များရှိ ယာဉ်များကို ပစ်မှတ်ထားသည်။
- စစ်ဆင်ရေးများနှင့် စစ်ရေးကိစ္စများရှိနေသော ကာလနှင့် နေရာများတွင် ဒရုန်းဖြင့် တိုက်ခိုက်ခံရနိုင်ချေ ပိုမိုမြင့်မားသည်။

❗ **အရေးကြီးသည့် စိန်ခေါ်မှုတစ်ခု**

- အကူအညီပေးရေးအဖွဲ့အစည်းမှ ယာဉ်များအနေဖြင့် သိသာစေရန် လုပ်ဆောင်ခြင်း (သို့) မိမိတို့ ယာဉ်များအား အခြားအရပ်ဖက်ယာဉ်များအနေဖြင့် ရောထွေးထားခြင်းတွင် မည်သည်က ပိုဘေးကင်း မည်နည်း?

**ခရီးသွားလာစဉ် ဘေးအန္တရာယ်များနှင့် လျော့ပါးရေးအစီအမံများ**

ပဋိပက္ခဖြစ်ပွားရာ ဒေသများအကြား ခရီးသွားလာခြင်း (အထူးသဖြင့် စစ်ရေးလှုပ်ရှားမှုများ ရှိနေသော နေရာဟု သတင်းထွက်ရာနေရာများအတွင်း) သည် ဒရုန်းဖြင့် တိုက်ခိုက်ခံရနိုင်ချေကို မြင့်မားစေသည်။ ဒရုန်းများသည် စစ်တပ်ဖွဲ့များမှာ လူနှင့် ထောက်ပံ့ရေးပစ္စည်းများကို သယ်ပို့သောယာဉ်များကို မကြာခဏပစ်မှတ်ထားလေ့ ရှိသော်လည်း အကူအညီပေးရေးအဖွဲ့များ၏ ယာဉ်များနှင့် အရပ်သားယာဉ်များသည် မှားယွင်းပစ်ခတ်ခံရမှု တိုးလာခြင်း (အထူးသဖြင့် အကူအညီပေးရေးအဖွဲ့များ၏ ယာဉ်များသည် စစ်တပ်ဖွဲ့များ၏ ယာဉ်များနှင့် တူနေ သည့်အခါတွင် ဖြစ်သည်)နှင့် ဆက်စပ်ထိခိုက်မှုများဖြစ်ပွားခြင်းတို့ ရှိလာသည်။ လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့် စစ်ဆေးရေးဂိတ်များသည်လည်း ဒရုန်းဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခံရနိုင်ချေရှိပေသည်။ အကူအညီပေးရေးအဖွဲ့များ၏ ယာဉ်များကို ခရီးသွားလာစဉ် ဒရုန်းဖြင့် တိုက်ခိုက်ခံရနိုင်ချေများမှ ကာကွယ်ရန် အောက်ပါအကြံပြုချက်များကို ဖော်ပြထားပါသည်။ **အဆိုပါအစီအမံများမှာ မိမိနှင့် ဝန်ထမ်းများကို ယာဉ်များဖြင့် ခရီးသွားလာစဉ် ပိုမိုဘေးကင်းစေရန် အကူအညီဖြစ်နိုင်သော်လည်း လုံးဝဘေးကင်းမည်ဟု အာမမခံနိုင်ပေ။**

| **လမ်းညွှန်ချက်** |
|---|
| **ယာဉ်၏ အမိုးတွင် အဖွဲ့အစည်းအမှတ်တံဆိပ်ကို မြင်အောင်ထားခြင်း (သို့) မည်သည့်အမှတ်တံဆိပ်မှ မထားပဲ အရပ်ဖက်ကားအနေဖြင့် အသုံးပြုခြင်း**<br>မိမိတို့ အဖွဲ့အစည်း၏ ယာဉ်များအား ပစ်မှတ်ထားနိုင်ချေ (သို့) အဖွဲ့အစည်းကားအနေဖြင့် မြင်သာအောင် ထားပါက ကာကွယ်မှုပေးခံရနိုင်ချေများကို ဆန်းစစ်၍ အဖွဲ့အစည်းအမှတ်တံဆိပ်ကို အသုံးပြု/ မပြု ဆုံးဖြတ် ပါ။ |
| **စစ်တပ်ဖွဲ့များမှ သုံးလေ့ရှိသော ယာဉ်များနှင့် ဆင်တူသော ယာဉ်များကို မသုံးရပါ။**<br>- ယာဉ်များကို မည်သို့မျှ ရုပ်ဖျက်ရန် ပြုလုပ်ခြင်းမျိုးကိုမဆို မလုပ်ရပါ။<br>- လက်နက်ကိုင်အဖွဲ့များမှ ပုံမှန်အသုံးပြုသော ယာဉ်အမျိုးအစားများကို မသုံးပါနှင့်။ |
| **ဒရုန်းတိုက်ခိုက်မှုများနှင့် ထိတွေ့နိုင်မှုနှင့် ဘေးအန္တရာယ်များကို ကန့်သတ်ပေးနိုင်မည့် ခရီးသွားလာရေးလမ်းကြောင်းများကို စီစဉ်ပါ။**<br>- ဘေးကင်းမည့် လမ်းကြောင်းများကို သတ်မှတ်ပြီး အဖွဲ့များခရီးသွားစဉ် ကျဉ်းထဲကျပ်ထဲရောက်မည့် နေရာများ (ဥပမာ- တံတားများ၊ ရိတ်သိမ်းထားသော လယ်ကွင်းများနှင့် ခရီးသွားများကို ပိုမိုမြင်သာ၍ ထွက်ပြေးရန် (သို့) ပုန်းရန် အခွင့်အလမ်းနည်းသည့် နေရာများ) ကြောင့် တိုက်ခိုက်ခံရနိုင်မည့် ဖြစ်စေမည့် ဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားပါ။ |

| |
|---|
| **မတူညီသော ခရီးစဉ်ဇယားများနှင့် လမ်းကြောင်းအမျိုးမျိုးကို စီစဉ်ပါ။**<br>- စစ်ရေးလှုပ်ရှားမှုများကို စောင့်ကြည့်ပြီး ရှိနိုင်သော စစ်ဆေးရေးဂိတ်များနှင့် ကျဉ်းထဲကျပ်ထဲရောက်မည့် နေရာများကို အခြေပြု၍ ခရီးစဉ်လမ်းကြောင်းဆွဲပါ။<br>- ဖြစ်နိုင်ပါက ခရီးစဉ်လမ်းကြောင်းများ၊ နေ့ရက်နှင့် အချိန်များကို ပြောင်းလဲအသုံးပြုပါ။ |
| **မြင်နိုင်မှုနည်းပါးစဉ်အတွင်း ခရီးသွားလာခြင်းကို ရှောင်ကြဉ်ပါ။**<br>- နေဝင်ရီတရောအချိန်၊ ညအချိန် (သို့) ဖုန်/နှင်းမှုန်တိုင်းအချိန်အတွင်း ခရီးသွားလာခြင်းကို ရှောင်ကြဉ်ပါ။ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များကို တိုက်ခိုက်ရေးအဖွဲ့များနှင့် မှားနိုင်သည်။ |
| **ဝန်ထမ်းများကို အကောင်းဆုံးအလေ့အထများကို လုပ်ဆောင်ရန် လမ်းညွှန်ပါ။**<br>- ဒရုန်းတိုက်ခိုက်မှုများမှ မည်သို့ ကာကွယ်ရန်နှင့် တိုက်ခိုက်ခံရပါက မည်သို့လုပ်ဆောင်ရမည်ကို အရေးပေါ်အခြေအနေအတွင်း အမှတ်ရနေစေရန် ဝန်ထမ်းများအား အဓိကလမ်းညွှန်ချက် စည်းမျဉ်းများကို ထပ်ခါတလဲလဲ ပြောပြပေးပါ။ ဒရုန်းဖြင့် တိုက်ခိုက်ခံရပါက လုပ်ဆောင်ရမည့် အရေးပေါ်အဆင့်များကို ပုံမှန်လေ့ကျင့်ခိုင်းပါ။ |

| | |
|---|---|
| ပြင်သစ်ဘာသာဖြင့်<br>ဤလမ်းညွှန်ချက်ကို<br>ဒေါင်းလုဒ်လုပ်ပါ။ | ဤလမ်းညွှန်ချက်ကို<br>အင်္ဂလိပ်ဘာသာဖြင့်<br>ဒေါင်းလုဒ်လုပ်ပါ။ |

Insecurity Insight အဖွဲ့မှ ၄င်းတို့၏ ဇန်နဝါရီလ (၂၀၂၅)ခုနစ်ထုတ် အစီရင်ခံစာ (*Hovering Threats: The Challenges of Armed Drones in Humanitarian Contexts*) ထုတ်ပြန်ပြီးနောက် ဥရောပသမဂ္ဂ၏ အကူအညီဖြင့် ဤစာတမ်းကို ပြုစုခြင်းဖြစ်သည်။ ဤစာတမ်းကို အခြေခံ၍ ပြုလုပ်သော ဆုံးဖြတ်ချက်အားလုံးသည် ထိုသို့ ဆုံးဖြတ်ရာ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၏ တာဝန်သာဖြစ်သည်။

ဤစာတမ်းကို ကိုးကားရာတွင် ရည်ညွှန်းအသုံးပြုရန်မှာ - Insecurity Insight. 2025. Sudden Threats from the Sky: Security Measures against Drone Strikes, May 2025. Switzerland: Insecurity Insight. https://bit.ly/SRMDronesAidMay2025MY

H2H Network Humanitarian Action Support

Insecurity Insight Data on People in Danger

UK International Development Partnership | Progress | Prosperity